# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်၊ ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာ ၁၀ ရက်၊ သောကြာနေ့၊ အတွဲ (၄၂)၊ အမှတ် (၇၁)




ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးဖွင့်ပွဲ မင်္ဂလာအခမ်းအနားတွင် ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း စင်မြင့်ပေါ်ရှိ ပလ္လင်တော်၌ သီတင်းသုံးစံပယ်တော်မူလျက်ရှိသော ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်အား နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ အကျိုးတော်ဆောင် မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရနှင့် လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ သံဃရာဇာဆရာတော် **Most-Ven Dr. Phra Maha Vichit Singharaj** တို့က ဖယောင်းတိုင်ဆီမီးများ ထွန်းညှိပူဇော်ကြစဉ်။ (သတင်းစဉ်)

# ကမ္ဘာ့ ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးဖွင့်ပွဲမင်္ဂလာအခမ်းအနား စည်ကားသိုက်မြိုက်ခမ်းနားထည်ဝါစွာကျင်းပ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင် ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်၍ ကြွရောက်လာသောဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကန်တော့

**ရန်ကုန် ဒီဇင်ဘာ ၉**

ဗုဒ္ဓဘာသာနိုင်ငံများအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးပွားလာစေရန်၊ ဗုဒ္ဓဘာသာနိုင်ငံများတွင် မြတ်ဗုဒ္ဓဟောကြားခဲ့သည့် အဆုံးအမတော်များနှင့် မြတ်ဗုဒ္ဓလမ်းညွှန်ခဲ့သည့် ကျင့်စဉ်များကို ထိန်းသိမ်းထားရန်၊ ကမ္ဘာ့နိုင်ငံများတွင် ပိဋကတ်စာပေလေ့လာသင်ကြားခြင်းကိုအခြေပြုသည့် ဗုဒ္ဓဘာသာဆိုင်ရာ ပညာရေးထွန်းကားလာစေရန်၊ ဗုဒ္ဓဘာသာဝင်တို့က ငြိမ်းချမ်းသည့် ကမ္ဘာလောကကြီး ဖော်ဆောင်ဖန်တီးနေခြင်းကို အထောက်အကူပြုရန်နှင့် မြတ်ဗုဒ္ဓ၏ မူလအဆုံးအမတော်များ ကမ္ဘာတစ်ဝန်းတွင် ပြန့်ပွားလာစေရန်ဟူသော ရည်ရွယ်ချက်ငါးရပ်ဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာနက တာဝန်ယူကြီးမှူး၍ ကမ္ဘာ့နိုင်ငံအသီးသီးမှ ဗုဒ္ဓ ဘာသာ ဦးသျှောင်ဆရာတော်ကြီးများ၊ ဗုဒ္ဓဘာသာဂိုဏ်းအသီးသီးမှ ဂိုဏ်းချုပ်ဘုန်းတော်ကြီးများ၊ အထက်တန်း ကမ္ဘာ့ဗုဒ္ဓဘာသာသုတေသီ ပညာရှင်များတက်ရောက်ဆွေးနွေးမည့် ကမ္ဘာ့ ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး ဖွင့်ပွဲမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာဖြင့် ခမ်းနားထည်ဝါစွာ ဆင်ယင်ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ ပြည်တွင်းပြည်ပမှ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကန်တော့ပြီး ဆရာတော်ကြီးများအား ဗုဒ္ဓရုပ်ပွားတော်များကို ဆက်ကပ်လှူဒါန်းသည်။ ***ကျော်ဖုံးသို့***



ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးဖွင့်ပွဲ မင်္ဂလာအခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးတို့ ပြည်တွင်းပြည်ပမှ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကန်တော့ပြီး ဆရာတော်ကြီးများအား ဗုဒ္ဓရုပ်ပွားတော်များ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

# အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်)

## စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အခြေခံကောင်းများကို ထိထိရောက်ရောက်အသုံးချ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်နယ်နှင့်တိုင်းများနှင့် နယ်စပ်ဒေသများ မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဖွံ့ဖြိုးရေးစီမံကိန်းကြီးသုံးရပ်ဖြစ်သည့် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ခုစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ် စီမံကိန်းများကို တစ်ပြိုင်တည်း အကောင်အထည်ဖော်လျက်ရှိသည်။

ယင်းသို့ဖော်ဆောင်ရာတွင် နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့ တက်ညီလက်ညီ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ခဲ့သည့်အတွက် ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များကို ယနေ့မြင်တွေ့နေရပြီ ဖြစ်သည်။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှုဖြင့် ပူပြင်းခြောက်သွေ့သည့် အညာဒေသစိမ်းလန်းစိုပြည်ပြီးရာသီဥတုများမှန်ကန်လာစေရန် မကွေးခရိုင်အပါအဝင် အညာဒေသစိမ်းလန်းစိုပြည်ရေး စီမံချက်ကိုအကောင်အထည် ဖော်လျက် ရှိသည်။

ယခုအခါ နိုင်ငံတော်နှင့် ဒေသခံပြည်သူများ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ခဲ့သောကြောင့် အညာဒေသစိမ်းလန်းစိုပြည်ရေး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ပေါ်လာပြီး ဆက်လက်၍လည်း စီမံကိန်းလုပ်ငန်းများကို အကောင်အထည် ဖော်လျက်ရှိသည်။

မကွေးတိုင်းသည် မူလသဘာဝအရ ပူပြင်းခြောက်သွေ့သည့် ဒေသဖြစ်သည်။ ဒေသခံတောင်သူလယ်သမားများသည် မိုးကိုမျှော်၍ စိုက်ပျိုးလုပ်ကိုင်ကြရသည်။ ယခုအခါ အညာဒေသသည် စိမ်းလန်းစိုပြည်လာပြီဖြစ်သည်။ သီးထပ်သီးညှပ် အထွက်တိုးသီးနှံများ စိုက်ပျိုးလာနိုင်ပြီ ဖြစ်သည်။

ထိုသို့ ဒေသစိမ်းလန်းစိုပြည်ပြီး အထွက်တိုးသီးနှံများ စိုက်ပျိုးနိုင်ရန်အတွက် နိုင်ငံတော်က မကွေးတိုင်းအတွင်း ၁၉၈၈ခုနှစ်နောက်ပိုင်း တည်ဆောက်ပေးခဲ့သည့် ဆည်တမံစုစုပေါင်းသည် ၂၉ခုရှိခဲ့ပြီး ဆည်ရေသောက်ဧရိယာ ဧက ၁၇၈၉၃၈ကျော်ခဲ့ပြီး ဖြစ်သည်။ မကွေးခရိုင်တစ်ခုတည်းတွင် တည်ဆောက်ပြီးသည့် ရေလှောင်တမံ ၁၃ခု ရှိသည်။

မကွေးတိုင်းအတွင်း ဆည်မြောင်းတာတမံများအပြင် စိုက်ပျိုးရေးကိုအကျိုးပြုမည့် မြစ်ရေတင်စီမံကိန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိရာ လျှပ်စစ်မြစ်ရေတင်လုပ်ငန်း ၁၈ခုနှင့် ဒီဇယ်မြစ်ရေတင်လုပ်ငန်း၂၆ခု စုစုပေါင်းမြစ်ရေတင်လုပ်ငန်း ၄၄ခုကို ဆောင်ရွက်ပေးပြီး ဖြစ်သည်။ ယင်းမြစ်ရေတင်စီမံကိန်းများမှ စိုက်ပျိုးမြေဧက ၇၂၈၀၀ကျော်ကို စိုက်ပျိုးရေပေးဝေနိုင်အောင် စီမံဆောင်ရွက်ခဲ့သည်။

မကွေးတိုင်းအပါအဝင် နိုင်ငံတော်တစ်ဝန်းလုံးတွင် တည်ဆောက်ပေးခဲ့သည့် မြစ်ရေတင်စီမံကိန်းများမှာ ၂၇၁ခုရှိပြီး တည်ဆောက်ဆဲလုပ်ငန်းများ ၃၄ခု ရှိသည်။ တည်ဆောက်ပြီး ဆည်မြောင်းတာတမံစီမံကိန်းများမှာ ၁၆၈ခုရှိပြီး ဆက်လက်တည်ဆောက်ဆဲ စီမံကိန်းများမှာ ၃၆ခု ရှိသည်။

ယင်းကဲ့သို့ နိုင်ငံတော်က ဖန်တီးပေးထားသည့် စိုက်ပျိုးရေများကို ထိထိရောက်ရောက် အသုံးချပြီး ဒေသခံ တောင်သူလယ်သမားများက မိမိတို့ဒေသ၏ ရေ၊ မြေ၊ ရာသီဥတုနှင့် ကိုက်ညီသည့် အဓိကသီးနှံ ၁၀ မျိုးအနက် သင့်လျော်သည့် သီးနှံများကို အောင်မြင်အောင် ကြိုးပမ်းစိုက်ပျိုးကြရန်လိုသည်။

စိုက်ပျိုးရေးလုပ်ငန်းများ အထွက်တိုးအောင်မြင်လာပါက မိမိတို့၏ အကျိုးစီးပွားသာမက နိုင်ငံတော်၏ အကျိုးစီးပွားလည်း ဖြစ်ထွန်းကာ ဒေသခံပြည်သူများ၏ လူနေမှုဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

သို့ဖြစ်ရာ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဖန်တီးဖော်ဆောင်ပေးထားသည့် အခြေခံကောင်းများကို ထိထိရောက်ရောက် အသုံးချကာ ကျရာကဏ္ဍက တက်ညီလက်ညီ ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## မြဝတီရုပ်မြင်သံကြား

၁၀–၁၂–၂၀၀၄

(သောကြာနေ့)

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
၄း၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၀ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၃၅ ၆။ မျိုးချစ်တပ်မတော်
၄း၄၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် The Study of Immediate Inference (ဒဿနိက၊ အင်္ဂလိပ်စာ၊ သမိုင်း၊ ဥပဒေ၊ ပထဝီ၊ စိတ်ပညာ၊ အရှေ့တိုင်း) (ပထမနှစ်)
၅း၃၅ ၉။ ပညာခေတ်
၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသသတင်း
၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၅။ **"ထူးခြားသောကလေးငယ်"** ကာတွန်းဇာတ်လမ်း
၆း၅၀ ၁၆။ လျှပ်တစ်ပြက်
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သပွတ်အူပမာ"** (အပိုင်း–၁၀)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ မြန်မာ့ရှုခင်း
၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **"သိန်းငှက်သူရဲကောင်း"** (အပိုင်း–၂၆)

## မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

### ဂျပန်မီးရထားတွဲ ၁၆ တွဲ အင်ဒိုနီးရှားဝယ်ယူအသုံးပြု

ဂျကာတာ ဒီဇင်ဘာ ၈

**အင်ဒိုနီးရှားနိုင်ငံပိုင် မီးရထားကုမ္ပဏီ ကေအေအိုင်သည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ သန်းခန့်တန်ဖိုးရှိ ဂျပန်နိုင်ငံမှ အသုံးပြုပြီး မီးရထားတွဲ ၁၆ တွဲကို ဝယ်ယူခဲ့ကြောင်း၊ တနင်္လာနေ့က နောက်ဆုံးရှစ်တွဲ ဂျကာတာသို့ ရောက်ရှိလာကြောင်း သိရသည်။**

အဆိုပါ မီးရထားတွဲများသည် ၁၉၇၉ ခုနှစ်က ထုတ်လုပ်ခဲ့ပြီး ဂျကာတာတွင် ကေအေအိုင်၏ ကွန်မြူတာမီးရထားအဖြစ်အသုံးပြုမည်ဖြစ်ကြောင်း ကေအေအိုင်အကြီးအကဲ ရာ့ချ်မာဒီ၏ ပြောကြားချက်ကို အင်တာရာသတင်းဌာနက ကိုးကားဖော်ပြသည်။

အဆိုပါ မီးရထားတွဲများသည် တန်ကျွန်းပရိအောခ်ပင်လယ်ဆိပ်ကမ်းသို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ အခြေအနေများကောင်းမွန်ကြောင်း၊ လာမည့်သီတင်းပတ်တွင် ခုတ်မောင်းနှင်မှုများပြုလုပ်ရန် အဆင်သင့်ဖြစ်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ပထမဆုံးမီးရထား ရှစ်တွဲမှာ အောက်တိုဘာ ၂၁ ရက်က ရောက်ရှိခဲ့ပြီး၊ ၎င်းတို့ကို အသုံးပြုနေပြီဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ဂျပန်မီးရထားတွဲသစ်တစ်တွဲလျှင် အမေရိကန်ဒေါ်လာတစ်သန်းခန့် တန်ဖိုးရှိကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

## အေစီ ၅၀၀ အပေါ့စားလေယာဉ် တရုတ်နိုင်ငံ နန်နင်း၌ စတင်ပျံသန်း

နန်နင်း ဒီဇင်ဘာ ၈

**ထိုင်ခုံငါးခုံပါ အေစီ ၅၀၀ လေယာဉ် တစ်စင်းကို တရုတ်နိုင်ငံ အရှေ့ပိုင်း ကျန်စုပြည်နယ် မြို့တော်နန်နင်း၌ အင်္ဂါနေ့က ပထမဆုံး စတင်ပျံသန်းမှု ပြုလုပ်ခဲ့ကြောင်း သိရသည်။**

အဆိုပါ လေယာဉ်သည် လေထဲတွင် ၂၂မိနစ်ကြာ ပျံသန်းမှုပြုလုပ်ခဲ့ကြောင်း၊ လုပ်ကိုင်ဆောင်ရွက်ချက်များ ကောင်းမွန်ကြောင်း၊ ကားတစ်စီးကို မောင်းရသကဲ့သို့ အဆင်ပြေမှုရှိကြောင်း လေယာဉ်မှူးဝမ်က ပြောကြားသည်။

### ထုတ်လုပ်

ယင်းအပေါ့စားလေယာဉ်ကို နန်နင်းအပေါ့စား လေယာဉ်ကုမ္ပဏီနှင့် နန်နင်းအာကာသတက္ကသိုလ်တို့ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။

### ပျံသန်းနိုင်

အဆိုပါ လေယာဉ်သည် တောင်ပံအရှည် ၁၀ဒသမ ၂မီတာ၊ အလျား ၈ဒသမ ၄မီတာ၊ အမြင့် ၅ဒသမ ၂မီတာရှိသည်။ ယင်းလေယာဉ်သည် တစ်နာရီလျှင် ၂၈၉ ကီလိုမီတာ အမြန်နှုန်းဖြင့် ကီလိုမီတာ ၁၀၀၀ ရပ်နားခြင်းမရှိဘဲ ပျံသန်းနိုင်ကြောင်း၊ ပင်လယ်ရေမျက်နှာပြင်အထက် အများဆုံး ၅ ဒသမ ၅ ကီလိုမီတာ အမြင့်မှ ပျံသန်းနိုင်ကြောင်း သိရသည်။

### ပြောကြား

ယင်းလေယာဉ်များကို တရုတ်ဈေးကွက်တွင် များပြားသော အလားအလာများရှိကြောင်း အေစီ ၅၀၀ လေယာဉ်ပုံထုတ်သူ ပန်ကျန်ကျန်းက ပြောကြားသည်။

### ရောင်းချမည်

ယင်းလေယာဉ်ဖြင့် စီးပွားရေးအရ ခရီးသွားခြင်း၊ သိပ္ပံဆိုင်ရာ လေ့လာခြင်းနှင့် ဓာတ်သတ္တုရှာဖွေခြင်း၊ ကင်းလှည့်ခြင်း၊ သစ်တောထိန်းသိမ်းစောင့်ရှောက်ခြင်း လုပ်ငန်းများတွင် အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ ယင်းလေယာဉ်ကို ယွမ် ၃ဒသမ ၆သန်း (အမေရိကန် ဒေါ်လာ ၄၃၃၇၄၃)ဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း နန်နင်းအပေါ့စား လေယာဉ်ကုမ္ပဏီက ပြောကြားချက်အရ သိရသည်။ **အမ်အင်အေ၊ ဆင်ဟွာ။**

## စင်ကာပူနှင့် ဗီယက်နမ် စီးပွားရေးဆက်သွယ်မှု တိုးတက်ရေး အခြေခံသဘောတူချက်ကို စတင်ဆွေးနွေးမည်

ဟန္နိုင်း ဒီဇင်ဘာ ၇

**စင်ကာပူနှင့် ဗီယက်နမ်နိုင်ငံတို့သည် စီးပွားရေးဆက်သွယ်မှုများ တိုးတက်စေရန်အတွက် အခြေခံသဘောတူချက်တစ်ရပ်နှင့် စပ်လျဉ်း၍ စတင်ဆွေးနွေးကြမည်ဖြစ်သည်။**

ဗီယက်နမ်နိုင်ငံသို့ စင်ကာပူဝန်ကြီးချုပ် နှစ်ရက်ကြာလာရောက်စဉ် စီးပွားရေးဆက်သွယ်မှုတိုးတက်ရေးအခြေခံ သဘောတူချက်နှင့်စပ်လျဉ်း၍ ဆွေးနွေးရန် အကျိုးရလဒ်တစ်ခုရရှိခဲ့ခြင်းဖြစ်သည်။

### စီမံချက်ပါဝင်

ယင်းသဘောတူချက်တွင် လေကြောင်းကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ၊ ဝန်ဆောင်မှုများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတွင် နှစ်ဖက်မည်သို့ပိုမိုနီးကပ်စွာ ဆောင်ရွက်မည်ဆိုခြင်းအပေါ် လုပ်ငန်းဆောင်ရွက်မည့် စီမံချက်ပါဝင်မည် ဖြစ်သည်။

အချုပ်အားဖြင့် ရင်းနှီးမြှုပ်နှံသူများသည် ဗီယက်နမ်နိုင်ငံတွင် ပိုမိုလွယ်ကူ အဆင်ပြေစွာ ရင်းနှီးမြှုပ်နှံနိုင်ကြမည့်ပြင် ကမ္ဘာ့စီးပွားရေးနယ်ပယ်တွင် ဗီယက်နမ်နိုင်ငံသည် ဝင်ရောက်နိုင်မည်ဖြစ်သည်ဟုဆိုသည်။ **(အင်တာနက်)**

# ကမ္ဘာအရပ်ရပ်ရှိ ဗုဒ္ဓဘာသာဝင်အားလုံး စည်းလုံးညီညွတ်စွာ တက်တက်ကြွကြွပူးပေါင်းဆောင်ရွက်ပါက ဗုဒ္ဓသာသနာတော်မြတ်ကြီး ကမ္ဘာတစ်ဝန်းလုံး နေတစ်ထောင်၊ လတစ်ထောင်ပမာ ထွန်းလင်းတောက်ပနေမည်

## ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသို့ ပေးပို့သော ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ဘုရားကြီး၏ သြဝါဒကထာ-

ယနေ့မှစ၍ သုံးရက်တိုင်တိုင်ကျင်းပမည့် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးသို့ ကြွရောက်လာကြသော ကိုယ်စားလှယ်တော်အပေါင်းနှင့် ဧည့်သည်တော်အပေါင်းတို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ၊ ကျက်သရေမင်္ဂလာ အပေါင်းနှင့်ပြည့်စုံကြပါစေဟု မေတ္တာပို့ကာ ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

မြတ်စွာဘုရားရှင်၏ သာသနာတော်အရှည်တည်တံ့၍ စည်ပင်ပြန့်ပွားထွန်းကားစေရန် ဤညီလာခံကိုယ်စားလှယ်တော်များက စုပေါင်းညီညာစွာဖြင့် တက်တက်ကြွကြွ အားထုတ်ဆောင်ရွက်နေကြသည်ကို တွေ့ရှိရသဖြင့် အနာဂတ်သာသနာတော်အတွက် အားတက်ရွှင်လန်း ဝမ်းမြောက်ရပါသည်။

ကမ္ဘာအရပ်ရပ်ရှိ ဗုဒ္ဓဘာသာဝင်အားလုံးသို့ စည်းလုံးညီညွတ်စွာဖြင့် သာသနာရေး၊ သာသနာမှု ကိစ္စများကို တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါက ဗုဒ္ဓသာသနာတော်မြတ်ကြီးသည် ဤကမ္ဘာတစ်ဝန်းလုံး၌ နေတစ်ထောင်၊ လတစ်ထောင်ပမာ ထွန်းလင်းတောက်ပလျက် ကာလရှည်ကြာ တည်နေမည်သာဖြစ်ပါသည်။



ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး ဖွင့်ပွဲမင်္ဂလာအခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးထံမှပေးပို့သော သြဝါဒကထာကို နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ညောင်တုန်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဩသဓာဘိဝံသက ဖတ်ကြားတော်မူစဉ်။ (သတင်းစဉ်)



### ဖတ်ကြား

ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးဖွင့်ပွဲ မင်္ဂလာအခမ်းအနားတွင်ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော ဂုဏ်ပြုသဝဏ်လွှာကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဖတ်ကြားစဉ်။ (သတင်းစဉ်)

### ■ *ကျောဖုံးမှ*

ယနေ့ ကမ္ဘာကြီးတွင် ပဋိပက္ခမျိုးစုံ၊ ပြစ်မှုမျိုးစုံ ကျူးလွန်ကြသည်ကို တွေ့မြင်နေရပါသည်။ဤဒုစရိုက်တရားများ၏ အရင်းခံမှာ လောဘ၊ ဒေါသ၊ မောဟတရားများဖြစ်ပါသည်။ဤလောဘ၊ ဒေါသ၊ မောဟတရားများကို ပယ်သတ်ကြရမည်ဖြစ်ပြီး၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာရေးအတွက် သည်းခံခြင်း၊ ကြင်နာခြင်း၊ ကိုယ်ကျိုးစွန့်လွှတ်ခြင်းစသည့် စိတ်ကောင်း စေတနာကောင်းများ မွေးမြူကြရမည်ဖြစ်ပါသည်။

မြတ်ဗုဒ္ဓ၏ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတည်းဟူသော ဗြဟ္မစိုရ်တရားလေးပါးသည် လူသားအားလုံးအတွက် ငြိမ်းချမ်းမှုနှင့်သဟဇာတဖြစ်ရေးတို့ကို ပေးစွမ်းနိုင်သည့် အကောင်းဆုံးသော လမ်းညွှန်ချက်များဖြစ်ပါသည်။ ဤလမ်းညွှန်ချက်များသည် ဗုဒ္ဓဘာသာများအတွက်သာမက လူမျိုးဘာသာမခွဲခြားဘဲ လူသားအားလုံးအတွက် ရည်ညွှန်းသည့်တရားများဖြစ်ပါသည်။ ဤတရားများသည် လူသားများအား ဆင်းရဲဒုက္ခအပေါင်းမှ ကယ်တင်နိုင်သည့် လူသားအားလုံးပျော်ရွှင်စွာနေထိုင်နိုင်မည့် အေးချမ်းသာယာသော ကမ္ဘာလောကကြီးကို တည်ဆောက်နိုင်စေမည်ဖြစ်ပါသည်။

မြတ်ဗုဒ္ဓ၏ မွန်မြတ်သောတရားဒေသနာတော် ထွန်းကားပြန့်ပွားစေရန် ကျွန်ုပ်တို့ဗုဒ္ဓဘာသာဝင်အချင်းချင်း အပြန်အလှန်နားလည်မှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို တိုးတက်ကောင်းမွန်လာစေရန် ခန္တီ၊ မေတ္တာနှင့် ကရုဏာတရားများထွန်းကားပြန့်ပွားလာစေခြင်းဖြင့် လူသားအားလုံး၏ ငြိမ်းချမ်းပျော်ရွှင်ရေးကို ဖော်ဆောင်နိုင်ရန် ဤညီလာခံကြီးက ဆောင်ကြဉ်းပေးနိုင်မည်ဟု ယုံကြည်ပါသည်။

ဤအခါသမယတွင် ညီလာခံတက်ရောက်လာကြသူအားလုံးအား လေးစားစွာနှုတ်ခွန်းဆက်သပြီး အခမ်းအနားကြီး အောင်မြင်စွာ ကျင်းပနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

**ဗိုလ်ချုပ်မှူးကြီးသန်းရွှေ**

**ရန်ကုန်**
**၂၀၀၄ ခုနှစ်၊**

သာသနာတော်ဆိုသည်မှာ လိုရင်းအနှစ်ချုပ်အားဖြင့် (၁)သီလ၊ (၂)သမာဓိ၊ (၃)ပညာ ဤသိက္ခာသုံးပါးပင်ဖြစ်ပါသည်။ ယင်းသိက္ခာသုံးပါးကို တရားကိုယ်အားဖြင့် ခွဲပြပါက (၁)သမ္မာဒိဋ္ဌိ၊ (၂)သမ္မာသင်္ကပ္ပ၊ (၃)သမ္မာဝါစာ၊ (၄)သမ္မာကမ္မန္တ၊ (၅)သမ္မာအာဇီဝ၊ (၆)သမ္မာဝါယာမ၊ (၇)သမ္မာသတိ၊ (၈)သမ္မာသမာဓိဟူသော အရိယမဂ္ဂင်ရှစ်ပါးပင်ဖြစ်ပါသည်။

ထိုအရိယမဂ္ဂင်ရှစ်ပါးတို့တွင်သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ဤသုံးပါးတို့သည် သီလမဂ္ဂင်များဖြစ်ကြပါသည်။ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိသုံးပါးတို့သည် သမာဓိမဂ္ဂင်များဖြစ်ကြပါသည်။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ ဤနှစ်ပါးတို့သည် ပညာမဂ္ဂင်များဖြစ်ကြပါသည်။ ဤအရိယ မဂ္ဂင်ရှစ်ဖြာ သိက္ခာသုံးရပ်တို့ ကမ္ဘာသူကမ္ဘာသားတို့ သန္တာန်၌ ဖြစ်ပွားတည်နေခြင်း၊ ထွန်းလင်းတောက်ပနေခြင်းကိုပင် ဗုဒ္ဓသာသနာတော်တည်တံ့ခြင်း၊ ထွန်းလင်းတောက်ပခြင်းဟု ခေါ်ဆိုရပါသည်။

သကျမုနိ ဂေါတမဗုဒ္ဓက အရိယမဂ္ဂင်ရှစ်ပါးမရှိသော ဓမ္မဝိနယ သာသနာ၌ကိလေသာငြိမ်းသူ=သောတာပန်၊ သကဒါဂါမ်၊အနာဂါမ်၊ရဟန္တာ မရှိနိုင်။အရိယမဂ္ဂင်ရှစ်ပါးရှိသော ဓမ္မဝိနယသာသနာ၌သာ ကိလေသာ ငြိမ်းသူ=သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာရှိနိုင်သည်။ ဤငါဘုရား၏ ဓမ္မဝိနယသာသနာတော်၌သာ အရိယမဂ္ဂင်ရှစ်ပါးရှိပေသည်။

ဤငါဘုရား၏ ဓမ္မဝိနယသာသနာတော်၌သာ ကိလေသာငြိမ်းသူ=သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာရှိနိုင်ပေသည်။

ငါဘုရား၏ ဓမ္မဝိနယသာသနာတော်မှတစ်ပါး အခြားအယူဝါဒတို့သည် တရားကိုသိမြင်ကြသည့် ရဟန်းမြတ်(တစ်ကျိပ်နှစ်ပါး)တို့မှ ဆိတ်သုဉ်းကုန်၏ဟု သုဘဒ္ဒပရိဗိုဇ်အား ဟောတော်မူခဲ့ကြောင်း ဒီဃနိကာယ မဟာဝဂ္ဂပါဠိ မဟာပရိနိဗ္ဗာနသုတ်၌ သင်္ဂါယနာတင်ခဲ့ပေသည်။ (ဒီ၊၂။၁၂၅)

သကျမုနိ ဂေါတမဗုဒ္ဓရှင်တော်မြတ်သည်ပင် မဇ္ဈိမပဋိပဒါ= အလယ်လမ်း ကျင့်စဉ်ဖြစ်သော ဤအရိယမဂ္ဂင်ရှစ်ပါးကို ကျင့်သုံးပွားများ အားထုတ်တော်မူခဲ့ခြင်းကြောင့် ဉာဏ်မျက်စိအလင်းပေါက်ကာ တရားအလုံးစုံကို သိမြင်တော်မူသော သဗ္ဗညုဗုဒ္ဓအဖြစ်သို့ ရောက်တော်မူခဲ့ပေသည်။ (ဝိ၊၃။၁၄) ဤအရိယမဂ္ဂင်ရှစ်ပါးသည် ရာဂစသောကိလေသာမီးတို့ကို ငြိမ်းစေနိုင်သော ရေစင်ရေအေးသဖွယ်ဖြစ်ပေသည်။

ယခုအခါ သတ္တလောကဟု ခေါ်ဆိုအပ်သော ကမ္ဘာသူကမ္ဘာသားအများစုကြီးသည် ရာဂမီး၊ ဒေါသမီးတို့ တညီးညီး တပြောင်ပြောင် အလောင်အမြိုက်ခံနေရခြင်းကြောင့် ဘေးဒုက္ခအမျိုးမျိုးတို့နှင့် တွေ့ကြုံနေကြရပေသည်။ ရာဂမီး၊ ဒေါသမီး၊ မောဟမီးတို့ကို အရိယမဂ္ဂင်ရှစ်ပါးတည်းဟူသော ရေစင်ရေအေးဖြင့် ငြှိမ်းသတ်နိုင်မှသာ ဤကမ္ဘာလောကကြီးသည် ငြိမ်းချမ်းရေးရနိုင်ပေလိမ့်မည်။ ရာဂမီး၊ ဒေါသမီး၊ မောဟမီးတို့ကို အရိယမဂ္ဂင်ရှစ်ပါးတည်းဟူသော ရေစင်ရေအေးဖြင့် မငြှိမ်းသတ်ဘဲ ငြိမ်းချမ်းရေးဟူသော စကားလုံးကို နှုတ်ဖြင့်အော်ဟစ်နေရုံမျှဖြင့် မည်သည့်အခါမျှ ငြိမ်းချမ်းရေး ရမည်မဟုတ်ပေ။ ရာဂမီး၊ ဒေါသမီး၊ မောဟမီးတို့ကို အရိယမဂ္ဂင် ရေစင်ရေအေးဖြင့် အနည်းငယ်ငြှိမ်းသတ်နိုင်လျှင် အနည်းငယ်ငြိမ်းချမ်းရေးရမည်။ များများငြှိမ်းသတ်နိုင်လျှင် များများငြိမ်းချမ်းရေးရမည်။ လုံးဝငြိမ်းအောင်ငြှိမ်းသတ်နိုင်လျှင် တစ်ကမ္ဘာလုံးငြိမ်းချမ်းရေးရမည်မှာ ဧကန်မုချဖြစ်ပေသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင်သူတော်စင်အားလုံးတို့သည် ငြိမ်းချမ်းသာယာ၍ စည်ပင်ဝပြောသော ကမ္ဘာကြီးအဖြစ်သို့ရောက်အောင် မိမိတို့ကိုယ်တိုင်လည်း ရာဂ၊ ဒေါသ၊ မောဟဟူသော ကိလေသာမီးတို့ကို အရိယမဂ္ဂင်ရေစင်ရေအေးဖြင့် တတ်စွမ်းသမျှငြှိမ်းသတ်ကြ၍ ကမ္ဘာသူ ကမ္ဘာသားအများစုတို့လည်း ရာဂ၊ ဒေါသ၊ မောဟဟူသော ကိလေသာမီးတို့ကို အရိယမဂ္ဂင်ရေစင်ရေအေးဖြင့် ငြှိမ်းသတ်နိုင်ကြစေရန် သာသနာတော်၏ အနှစ်အမြုတေဖြစ်သော အရိယမဂ္ဂင်ရှစ်ဖြာ သိက္ခာသုံးရပ် အကျင့်မြတ်ကို ကမ္ဘာအနှံ့ပြန့်ပွားအောင် စုပေါင်းညီညာစွာဖြင့် အားထုတ်ကြစေလိုပါသည်။

သကျမုနိ ဂေါတမရှင်တော်မြတ်ဘုရားက "ရဟန်းတို့သည် မကြာမကြာ အကြိမ်များစွာ စည်းဝေးလျက် သာသနာရေးလုပ်ငန်းကိစ္စများကို အညီအညွတ်ဆောင်ရွက်နေကြပါက ရဟန်းတော်တို့ဆုတ်ယုတ်ဖွယ်မရှိ၊ တိုးတက်ကြီးပွားရန်သာရှိ၏"ဟုဟောတော်မူခဲ့ကြောင်းကို ဒီဃနိကာယ မဟာဝဂ္ဂပါဠိ၊ မဟာပရိနိဗ္ဗာနသုတ်၌ သင်္ဂါယနာတင်ခဲ့ပါသည်။ (ဒီ၊၂။၆၅)

သို့ဖြစ်ပါ၍ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးများကို မကြာမကြာကျင်းပလျက် ကမ္ဘာအရပ်ရပ်မှ ဗုဒ္ဓဘာသာဝင်ခေါင်းဆောင်များ စည်းဝေးတိုင်ပင်ကြ၍ ဗုဒ္ဓမြတ်စွာ၏သာသနာတော်မြတ်ကြီး အရှည်တည်တံ့အောင် ကမ္ဘာတစ်ဝန်းပျံ့နှံ့စည်ကား ကြီးပွားတိုးတက်အောင် အစီအမံလုပ်ငန်းစဉ်များ ပြဋ္ဌာန်းရေးဆွဲကာ ဗုဒ္ဓဘာသာဝင်အားလုံးတို့က တညီတညွတ်တည်း တက်တက်ကြွကြွ ပါဝင်ကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းလိုက်ရပေသည်။

**ဥက္ကဋ္ဌဆရာတော်။**

# နိုင်ငံတကာဗုဒ္ဓဘာသာခေါင်းဆောင်များ ဗုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွားရေးဆွေးနွေးကြမည် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးက အပြန်အလှန်ချစ်ကြည်ရင်းနှီးမှု၊ ပေါင်းစည်းညီညွတ်မှုများအခြေခံပြီး ငြိမ်းချမ်းသာယာမှုနှင့် တရားမျှတမှုအပြင် ကမ္ဘာစောင့်တရား ပြန်လည်ရှင်သန်စေမည်ယုံကြည်

## ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးတွင်ပြောကြားသော ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ်ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ နှုတ်ခွန်းဆက်အဖွင့်မိန့်ခွန်း

**သာသနာပိုင်ဆရာတော်ကြီးများ၊ သံဃရာဇာဆရာတော်ကြီးများ၊ မထေရ်မြတ်များ၊ ဝန်ကြီးချုပ်များ၊ ဂုဏ်သရေရှိဧည့်သည်တော်ကြီးများနှင့် လူကြီးမင်းများ ခင်ဗျား–**

သာသနာသမိုင်းဝင်မည့် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကို မြန်မာနိုင်ငံက အစစအရာရာ ထောက်ပံ့လှူဒါန်းပြီး အိမ်ရှင်နိုင်ငံအဖြစ် ယခုကဲ့သို့ လက်ခံကျင်းပခွင့်ရသည့်အတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရနှင့်တကွ မြန်မာနိုင်ငံသားအားလုံးက ဝမ်းသာကြည်နူးစွာ ကုသိုလ်ပွားများရပါကြောင်း ရှေးဦးစွာထုတ်ဖော်ပြောကြားလိုပါတယ်။

ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကို တက်ရောက်လာကြတဲ့ ဆရာတော်ကြီးများ၊ နိုင်ငံ့ခေါင်းဆောင်များနဲ့ သူတော်စင်အပေါင်း ကိုယ်စိတ်နှစ်ပါး ချမ်းသာကြပါစေကြောင်း လှိုက်လှဲစွာ မေတ္တာပို့သအပ်ပါတယ်။

ဒီနေ့ကျင်းပတဲ့ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးမှာ ပြည်ပနိုင်ငံများမှ သာသနာပိုင် ဆရာတော်ကြီးများ၊ ဗုဒ္ဓဘာသာကိုယ်စားလှယ်တော်များနဲ့ ဝန်ကြီးများ၊ ပြည်တွင်းမှ သံဃာတော်များနဲ့ ဝန်ကြီးများ ပါဝင်တက်ရောက်နေကြပါတယ်။

၁၉၅၄ ခုနှစ်က ဒီလိုဏ်ဂူတော်ကြီးမှာပဲ ထေရဝါဒ ငါးနိုင်ငံမှ သံဃရာဇာများနှင့် မထေရ်မြတ် နှစ်ထောင့်ငါးရာခန့်စုဝေးပြီး ဆဋ္ဌသင်္ဂါယနာသဘင် ဆင်ယင်ကျင်းပခဲ့ပါတယ်။ သင်္ဂါယနာပွဲကြီးပြီးဆုံးတဲ့ ၁၉၅၆ခုနှစ်မှာ ထေရဝါဒနဲ့ မဟာယာနနိုင်ငံတွေက ဗုဒ္ဓဘာသာခေါင်းဆောင်တွေစုဝေးပြီး သာသနာ ၂၅၀၀ ပြည့် အထိမ်းအမှတ် ဗုဒ္ဓဇယန္တီပွဲသဘင် ဆင်ယင်ကျင်းပခဲ့တာလဲ ဒီလိုဏ်ဂူကြီးထဲမှာပဲ ဖြစ်ပါတယ်။ ဒါကြောင့် ယခုမဟာပါသာဏလိုဏ်ဂူတော်ကြီးဟာ သာသနာ့သမိုင်းဝင် မော်ကွန်းတင်နေရာကြီးဖြစ်ပါတယ်။

ဒီနေ့လဲ နိုင်ငံတကာ ဗုဒ္ဓဘာသာခေါင်းဆောင်များ ဒီသမိုင်းဝင်လိုဏ်ဂူတော်ကြီးထဲမှာ စုဝေးပြီး ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။ ကမ္ဘာကြီးနဲ့ ကမ္ဘာ့လူသားတို့အတွက် ငြိမ်းချမ်းသာယာမှုနှင့် တိုးတက်မှုတို့ကို ဖော်ဆောင်ရာမှာ သာသနာရေးအရ အထောက်အကူပြုနိုင်မယ့် နည်းလမ်းတွေကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးမှာ ဗုဒ္ဓဘာသာခေါင်းဆောင်များဟာ အပြန်အလှန်ချစ်ကြည်ရင်းနှီးမှု၊ ပေါင်းစည်းညီညွတ်မှု၊ သည်းခံခွင့်လွှတ်မှုတွေကို အခြေခံပြီး မိမိတို့အားလုံးနဲ့သက်ဆိုင်တဲ့ သာသနာအကြောင်းအရာတွေကို ယခုကဲ့သို့ လာရောက်ဆွေးနွေးကြတာဟာ ဗုဒ္ဓသာသနာသမိုင်းမှာ ကြီးမားတဲ့ မော်ကွန်းမှတ်တိုင်ပဲဖြစ်ပါတယ်။ အစဉ်အလာအမျိုးမျိုး၊ ဂိုဏ်းအမျိုးမျိုး၊ နေထိုင်ကျင့်ကြံပုံအမျိုးမျိုး ကွဲပြားနေကြပေမယ့် မိမိတို့အားလုံးဟာ သကျမုနိဘုရားရှင်ရဲ့ သားတော်၊ သမီးတော်တွေဖြစ်ကြပြီး အရိယသစ္စာလေးပါးကို သိမြင်ဖို့နဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့ဆိုတဲ့ အန္တိမရည်မှန်းချက်ဟာ တူညီကြပြီး ဖြစ်ပါတယ်။

ပွင့်တော်မူပြီးတဲ့ ကကုသန်၊ ကောဏာဂုံ၊ ကဿပနဲ့ ဂေါတမဘုရားရှင်တို့ လက်ထက်တော်တွေမှာ ကျင်းပခဲ့တဲ့ သံဃာအဖွဲ့ရဲ့ ညီလာခံတွေအကြောင်း ပိဋကတ်စာပေတွေထဲမှာ တွေ့ရှိရပါတယ်။

ဒီအစည်းအဝေးပွဲတွေမှာ သည်းခံခွင့်လွှတ်ခြင်း၊ မေတ္တာကရုဏာထားခြင်းနဲ့ မကောင်းမှုဒုစရိုက်များကို ရှက်ကြောက်ရောင်ကြဉ်ခြင်းတို့ဟာ သာသနာတော်ထွန်းကားပြန့်ပွားရေးအတွက် အဓိကလိုအပ်တဲ့အချက်တွေဖြစ်ကြောင်း သဗ္ဗညုဘုရားရှင်အားလုံးက ဆုံးမခဲ့ပါတယ်။ သဗ္ဗညုဘုရားရှင်အဆက်ဆက် ဆုံးမသွန်သင်ချမှတ်ပေးခဲ့တဲ့အတိုင်း မကောင်းမှုကို ရှက်ကြောက်တဲ့စိတ်၊ မေတ္တာကရုဏာစိတ်၊ သဒ္ဓါတရားထက်သန်တဲ့စိတ်၊ ပျော့ပျောင်းနူးညံ့တဲ့စိတ်တွေဟာ သာသနာတော်ရေရှည် တည်တံ့ရေးကိုသာမက လူသားအချင်းချင်း ပေါင်းသင်းဆက်ဆံနေထိုင်လျက်ရှိတဲ့ လူ့လောကကိုလဲ အကျိုးပြုသွားစေမှာ သေချာလျက်ရှိပါတယ်။

လူသားတွေရဲ့ လိုအပ်ချက်နှစ်မျိုးအနက် ရုပ်ပိုင်းဆိုင်ရာလိုအပ်ချက်တွေကို သိပ္ပံနဲ့နည်းပညာတိုးတက်မှုတွေက ဖြည့်ဆည်းပေးနိုင်ပေမယ့် လူသားတွေရဲ့ စိတ်ဓာတ်ပိုင်းဆိုင်ရာတောင့်တမှု၊ လိုအပ်မှုတွေကိုတော့ မြတ်ဗုဒ္ဓရဲ့တရားဒေသနာတော်တွေကို ကျင့်ကြံလိုက်နာခြင်းဖြင့်သာ ထိန်းသိမ်းဖြည့်ဆည်းပေးနိုင်မှာဖြစ်ပါတယ်။

လူ့လောကမှာ သည်းခံခြင်း၊ မေတ္တာကရုဏာထားခြင်းနဲ့ အရှက်အကြောက်ရှိခြင်းဆိုတဲ့ ကိုယ်ကျင့်တရားတွေ ဆုတ်ယုတ်ကျဆင်းမှုမရှိအောင် တားဆီးပြီး လူသားတွေရဲ့စိတ်ထားတွေ ဖြူစင်လာကာ ကိုယ်ကျင့်တရားတွေ ဖွံ့ဖြိုးတိုးတက်လာအောင် မြတ်ဗုဒ္ဓရဲ့တရားဒေသနာတော်က ဆောင်ကြဉ်းပေးနေပါတယ်။

သိပ္ပံနှင့်နည်းပညာက ရုပ်ပိုင်းဆိုင်ရာ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေချိန်မှာ ဗုဒ္ဓဘာသာခေါင်းဆောင်များက ဗုဒ္ဓရဲ့ သွန်သင်ဆုံးမမှုများနဲ့အညီ လူသားတွေရဲ့စိတ်ပိုင်းဆိုင်ရာအရည်အသွေးကို ထိန်းသိမ်းပြုပြင်ပြီး အေးငြိမ်းချမ်းသာမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ပါလိမ့်မယ်။ လူတွေမှာ ဖြစ်ပေါ်လေ့ရှိတဲ့ လွန်ကဲတဲ့လောဘစိတ်၊ ပြင်းထန်တဲ့ဒေါသစိတ်နဲ့ ကြီးမားထောင်လွှားတဲ့ မာန်မာနစိတ်တွေကို အချိန်နဲ့အမျှ ပြုပြင်ထိန်းချုပ်သွားနိုင်ရန် အရေးတကြီး လိုအပ်နေပြီ ဖြစ်ပါတယ်။

နိုင်ငံတကာနယ်ပယ်မှာ လက်နက်ပြိုင်ဆိုင်မှု၊ အကြမ်းဖက်မှု၊ ဆင်းရဲချမ်းသာကွာဟမှုအရ ကြီးနိုင်ငယ်ညှဉ်းမှုတွေကြောင့် စိတ်နှလုံးတုန်လှုပ်ချောက်ချားဖွယ်ရာ အဖြစ်ဆိုးများကို ကြုံတွေ့နေကြရပါတယ်။ လူသားတို့ရဲ့နှလုံးသားတွေဟာ လောဘမီး၊ ဒေါသမီး၊ သောကမီးတွေကြောင့် ပူလောင်နေကြရပါတယ်။ မြတ်ဗုဒ္ဓရဲ့ တရားတော်က ပူလောင်နေတဲ့ စိတ်နှလုံးတွေကို အေးချမ်းလာအောင် ကုစားနိုင်ပြီး ကမ္ဘာတစ်ဝန်း အေးချမ်းတဲ့ မေတ္တာဓာတ်နဲ့ သည်းခံခွင့်လွှတ်မှုတို့ကို ဖော်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ မထေရ်မြတ်များနဲ့ ဗုဒ္ဓဘာသာခေါင်းဆောင်များက မြတ်ဗုဒ္ဓရဲ့ တရားတော်များရဲ့ အကူအညီနဲ့ မိမိတို့ မှီတင်းနေထိုင်ရာ ကမ္ဘာကြီးကိုရော မိမိအခြေပြုနေထိုင်ရာ နိုင်ငံကိုပါ တည်ငြိမ်အေးချမ်းသာယာမှုနဲ့ ဖြဟ္မစိုရ်တရားထွန်းကားအောင် မဆုတ်မနစ်ကြိုးပမ်းကြလိမ့်မယ်လို့ မျှော်လင့်အားထားမိပါတယ်။

ဒီဗုဒ္ဓညီလာခံကြီးက သာသနာတော်ကို အကြောင်းပြုပြီး ငြိမ်းချမ်းသာယာမှုနှင့် တရားမျှတမှုအပြင် မကောင်းမှုမှန်သမျှကို ရှက်ကြောက်ခြင်းဆိုတဲ့ ဟီရိဩတ္တပ္ပ တရား၊ ကမ္ဘာစောင့်တရား ပြန်လည် ရှင်သန်စေမှာ ဖြစ်တယ်လို့ မမှိတ်မသုန် ယုံကြည်မိပါတယ်။

မြန်မာနိုင်ငံတော်ဟာ မြတ်ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ်ကတည်းက သာသနာတော်ရရှိခဲ့တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ မြန်မာနိုင်ငံကို မြတ်ဗုဒ္ဓ သုံးကြိမ်ကြွရောက်ခဲ့တာကို သာသနာဝင်ကျမ်းတွေမှာ မှတ်တမ်းတင်ထားပါတယ်။ ထေရဝါဒနိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံမှာ မြတ်ဗုဒ္ဓရဲ့ တရားတော်တွေကို မူရင်းကျကျ သန့်သန့်စင်စင် ထိန်းသိမ်းစောင့်ရှောက်ထားနိုင်တဲ့ ထူးခြားတဲ့ နိုင်ငံဖြစ်ပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သာသနာရေးဝန်ကြီးဌာနကို သက်ဆိုင်ရာဦးစီးဌာနသုံးခုနဲ့ သီးခြားဖွဲ့စည်းပြီး နှစ်စဉ်ဘတ်ဂျက်ငွေအသုံးဖြင့် သာသနာတော်ကို ပြုစုစောင့်ရှောက်ထောက်ပံ့လျက်ရှိပါတယ်။ မြို့ကြီးမြို့ငယ် အသီးသီးမှာရှိတဲ့ စာသင်တိုက်များ၊တရားရိပ်သာများ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၊ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်နဲ့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်တို့မှာ စာပေကျမ်းဂန်များ သင်ယူလေ့လာနေကြတဲ့၊ တရားအားထုတ်ကျင့်ကြံနေကြတဲ့ ရဟန်းသာမဏေများနဲ့ သီလရှင်စုစုပေါင်း ငါးသိန်းခန့်ရှိပါတယ်။ နိုင်ငံအတွင်းမှာရှိတဲ့ သံဃာဂိုဏ်းကြီး ကိုးဂိုဏ်းကို တစ်ပေါင်းတည်း ဆက်စပ်ပြီး သံဃမဟာနာယကအဖွဲ့ အဆင့်ဆင့်ဖြင့် သာသနာ့လုပ်ငန်းများကို အနီးကပ်ကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။

အထက်ပါ သာသနာ့ဝန်ထမ်းများနဲ့ အစိုးရဝန်ထမ်းများဟာ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးနဲ့ ကာကွယ်စောင့်ရှောက်ရေးတို့ကို အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိနေကြတာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် သာသနာတော်ကို သံဃာတော်များနဲ့ ပြည်သူများ၊ အစိုးရဝန်ထမ်းများဟာ ဆရာ ဒကာ စိတ်ဓာတ်အရင်းခံဖြင့်ပူးပေါင်းပြီး ကာကွယ်စောင့်ရှောက်နေခြင်းပဲ ဖြစ်ပါတယ်။

ဒီညီလာခံမှာ တက်ရောက်နေကြတဲ့ မထေရ်မြတ်ကြီးများ၊ ဗုဒ္ဓဘာသာခေါင်းဆောင်များနဲ့ လေ့လာသူများကို တန်ခိုးကြီးဘုရားများ ဖူးမြော်ဖို့အပြင် ဗုဒ္ဓဘာသာ စာပေကျမ်းဂန်တွေလေ့လာသင်ယူဖို့၊ သုတေသနပြုဖို့၊ တရားကျင့်ကြံဖို့၊ မြန်မာနိုင်ငံကိုလာရောက်ကြရန် လှိုက်လှိုက်လှဲလှဲ ဖိတ်ခေါ်အပ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် နိုင်ငံ့ခေါင်းဆောင်ကြီးများ၊ ဗုဒ္ဓဘာသာခေါင်းဆောင်များနဲ့ လေ့လာသူများကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရကိုယ်စား၊ ပြည်သူပြည်သား ၅၃သန်းရဲ့ကိုယ်စား၊ မြန်မာရဟန်းသာမဏေများနဲ့ သီလရှင် ငါးသိန်းတို့ကိုယ်စား ယခုကဲ့သို့ ကြိုဆိုနှုတ်ခွန်းဆက်သရတာကို လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူကြောင်း ထပ်လောင်းပြောကြားလိုပါတယ်။ ပင်ပန်းနွမ်းနယ်မှုများကို မငဲ့ကွက်ဘဲ ညီလာခံမှာ ပါဝင်တက်ရောက်ဆွေးနွေးနေကြသူအားလုံးကို ကျေးဇူးတင်ရှိပါတယ်။



### အဖွင့်မိန့်ခွန်းပြောကြား

**ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး ဖွင့်ပွဲမင်္ဂလာအခမ်းအနားတွင် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း နှုတ်ခွန်းဆက် အဖွင့်မိန့်ခွန်းပြောကြားစဉ်။**

(သတင်းစဉ်)

ဧည့်သည်တော်ကြီးများ သက်သောင့်သက်သာရှိစေဖို့၊ အစစအရာရာ အဆင်ပြေစေဖို့၊ အကျိုးကျေးဇူးရှိစေဖို့ ညီလာခံကျင်းပရေးကော်မတီက ကြိုတင်ပြင်ဆင်မှုများကို အကောင်းဆုံးပြုလုပ်ထားပါတယ်။ ဒီကြိုတင်ပြင်ဆင်မှုများနဲ့ အစီအစဉ်များမှာ အကယ်၍ မပြည့်စုံမှုများရှိခဲ့လျှင်လည်း မေတ္တာအရင်းခံဖြင့် ခွင့်လွှတ်ကြဖို့တောင်းပန်ပါတယ်။

- **သဗ္ဗညုမြတ်ဗုဒ္ဓရဲ့ တရားဒေသနာတော် နေလိုလလို ထွန်းလင်းတောက်ပပြီး အခွန့်ရှည်တည်တံ့ပါစေ။**
- **သဗ္ဗညုမြတ်ဗုဒ္ဓရဲ့ အဆုံးအမများ ကမ္ဘာအနှံ့ ပြန့်ပွားပါစေ။**
- **လူသားအားလုံး မြတ်ဗုဒ္ဓရဲ့ အဆုံးအမတော်ကို အမြဲလိုက်နာကျင့်သုံးနိုင်ကြပြီး ကမ္ဘာအဝန်း အေးချမ်းသာယာမှု၊ တရားမျှတမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုတို့ကို ဖော်ဆောင်နိုင်ကြပါစေ။**
- **တက်ရောက်လာကြတဲ့ ဗုဒ္ဓဘာသာခေါင်းဆောင်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့ဖြင့် ပြည့်စုံကြပါစေ**

လို့ မေတ္တာပို့သရင်း နိဂုံးချုပ်အပ်ပါတယ်။ ။

# ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ် ချစ်ကြည်ရေးခရီးရောက်ရှိ နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်

ရန်ကုန် ဒီဇင်ဘာ ၉

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ် ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ရောက်ရှိလာကြသည်။**

**ကြိုဆိုနှုတ်ဆက်**

ဧည့်သည်တော်ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်နှင့် အဖွဲ့ဝင်များအား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ ထိုင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးမျိုးမြင့်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Suphot Dhirakaosal နှင့်သံရုံးအဖွဲ့ဝင်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**



# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်နှင့်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

ရန်ကုန် ဒီဇင်ဘာ ၉

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်နှင့် အဖွဲ့ဝင်များအား ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။** (အပေါ်ပုံ)

**တက်ရောက်**

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမျိုးမြင့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် ထိုင်းနိုင်ငံ ဝန်ကြီးချုပ်နှင့်အတူ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Dr. Surakiat Sathirathai နှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Suphot Dhirakaosal တို့လည်း တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## မိုးကုတ်တရားစခန်းပွဲ

**ရန်ကုန် ဒီဇင်ဘာ ၉**

မရမ်းကုန်းမြို့နယ် အမှတ် (၈) ရပ်ကွက် ဘုရားကြီးလမ်း ရေကူးမြို့မ ရိပ်သာတွင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဒီဇင်ဘာ ၂၆ ရက်မှ ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၁ ရက် အထိ အရှင်တိလောက (ပွင့်ဖြူ)က တရားဟောကြားပြသမည်ဖြစ်သည်။

တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း–၆၅၁၃၈၅ သို့ ဆက်သွယ်လျှောက်ထားနိုင်ကြောင်း သိရသည်။ တရားစခန်းပွဲ၌ အရှင်သုမင်္ဂလာ(ဝေါ) မဟာဓမ္မာစရိယ၊ အရှင်အာစာရ လင်္ကာရ၊ အရှင်သဒ္ဒန (နတ်မောက်)၊ အရှင်တေဇိန္ဒ (မကွေး)၊ အရှင်ဣန္ဒက (နတ်မောက်) သာသန ဓဇ ဓမ္မာစရိယ၊ ဦးဇာနေယျ (မိုးညို)၊ အရှင်ဝိစာရ (စာချဓမ္မကထိက)၊ အရှင်ဇဝန(ပဲခူး) တို့က ညစဉ် ၇ နာရီမှ စ၍ ဟောကြားကြမည်ဖြစ်ကြောင်း သိရသည်။

**(က–ပ)**

## ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ်ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဧည့်သည်တော်ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်နှင့်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်

ရန်ကုန် ဒီဇင်ဘာ ၉

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဖိတ်ကြားချက်အရ ရန်ကုန်မြို့တွင် ရောက်ရှိနေသော ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ် ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့မွန်းလွဲ ၁ နာရီတွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြသည်။**



**ပို့ဆောင်နှုတ်ဆက်**

ဧည့်သည်တော် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ် ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ ထိုင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီးဦးမျိုးမြင့်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Suphot Dhirakaosal နှင့် သံရုံးအဖွဲ့ဝင်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ဝဲပုံ)**

**(သတင်းစဉ်)**

## စမ်းချောင်းလမ်းတွင် တရားစခန်းဖွင့်မည်

**ရန်ကုန် ဒီဇင်ဘာ ၉**

ကျေးဇူးရှင်လယ်တီဆရာတော်ကြီး၏ တပည့်အနာဂါမ် ဆရာသက်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင် သမထဝိပဿနာတရားတော်ကို ကမ္မဋ္ဌာန်းနည်းပြဆရာ ဦးကျော်နိုင်ထွန်းက ဒီဇင်ဘာ ၁၅ ရက်မှ ၂၄ ရက်အထိ နေ့စဉ် မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီအထိ စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း အမှတ် ၂၉ (ဒုလွှာ)တွင် ဓမ္မဒါနပြုမည်ဖြစ်ရာ မည်သူမဆို လာရောက်အားထုတ်နိုင်ကြောင်း သိရသည်။

**(က–ပ)**

# မြတ်ဗုဒ္ဓ၏အဆုံးအမ လူသားအားလုံးယုံကြည်လက်ခံမှု ပြန်လည်ထွန်းကားလာစေရန် အခွင့်အရေးတစ်ရပ်ဖြစ်လာနိုင်

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသို့ပေးပို့သော အိန္ဒိယသမ္မတနိုင်ငံသမ္မတ၏ ဂုဏ်ပြုသဝဏ်လွှာ–

ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးကို ၂၀၀၄ခုနှစ် ဒီဇင်ဘာလ ၉ရက်နေ့မှ ၁၁ ရက်နေ့အထိ ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင်ကျင်းပသည်ကိုသိရ၍ ဝမ်းမြောက်မိပါသည်။

မြတ်ဗုဒ္ဓ၏ သာသနာတော်သည် သမိုင်းကြောင်းတစ်လျှောက် ကျွန်ုပ်တို့နှစ်နိုင်ငံနှင့် ကမ္ဘာ့အခြားဒေသများရှိ ဘာသာရေး၊ လူမှုရေးနှင့် နိုင်ငံရေးခေါင်းဆောင်များကို များစွာနိုးကြားထက်မြက်စေခဲ့ပါသည်။ အိန္ဒိယနိုင်ငံ၏ ဖခင်ကြီးဖြစ်သော မဟတ္တမဂန္ဓီအပေါ် ထာဝရမှန်ကန်အရေးပါသော မြတ်ဗုဒ္ဓ၏သီလ(အပါအဝင်) အဆုံးအမများက အလွှန်လွှမ်းမိုးခဲ့ပါသည်။ ဤညီလာခံသည် ကမ္ဘာပေါ်တွင် ငြိမ်းချမ်းရေးပြန်လည်တည်ဆောက်ရန် အရေးပါသည့်သော့ချက်ဖြစ်သော“ သတ္တဝါအားလုံးအပေါ် မေတ္တာထားခြင်း”ဟူသည့် မြတ်ဗုဒ္ဓ၏ အဓိကအဆုံးအမကို လူသားအားလုံး ယုံကြည်လက်ခံမှု ပြန်လည် ထွန်းကားလာစေရန် အခွင့်အရေးတစ်ရပ် ဖြစ်လာနိုင်ပါသည်။ ဤအခါသမယတွင် ညီလာခံတက်ရောက်သူအားလုံးအား နှုတ်ဆက်ဂုဏ်ပြု၍ ညီလာခံကြီး အဘက်ဘက်မှ အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။



**အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ အေ၊ပီ၊ဂျေ၊ အဗ္ဗဒူကလမ်ထံမှ ပေးပို့သော ဂုဏ်ပြုသဝဏ်လွှာကို ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Rajiv Kumar Bhatia က ဖတ်ကြားစဉ်။** (သတင်းစဉ်)

**ဒေါက်တာ အေ၊ပီ၊ဂျေ အဗ္ဗဒူကလမ်**
**နယူးဒေလီ**
**နိုဝင်ဘာ၂၄၊ ၂၀၀၄။**

# ထိပ်သီးညီလာခံကြီးက ဗုဒ္ဓဘာသာဝင်များကို ပိုမိုရင်းနှီးစေမည် ချစ်ကြည်မှုနှင့်ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာလာစေမည်

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသို့ပေးပို့သော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ၏ ဂုဏ်ပြုသဝဏ်လွှာ–

**ဗိုလ်ချုပ်မှူးကြီးသန်းရွှေ**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်**
**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**အဆွေတော် ဥက္ကဋ္ဌကြီးခင်ဗျား–**

၂၀၀၄ခုနှစ် ဒီဇင်ဘာလ ၉ရက်နေ့မှ ၁၁ရက်နေ့အထိ ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်မည့် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်ဝသော ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးအတွက် အဆွေတော်ထံသို့ နှုတ်ခွန်းဆက်သဝဏ်လွှာပေးပို့ရသဖြင့် အထူးဝမ်းမြောက်မိပါသည်။

ဗုဒ္ဓဘာသာသည် ယုံကြည်ကိုးကွယ်မှု တစ်ရပ်အဖြစ်သာမက ကမ္ဘာတစ်ဝန်းရှိ လူသားများအား ယဉ်ကျေးမှု ရှင်သန်ထွန်းကားစေသည့် ဘာသာလည်းဖြစ်ပါသည်။ ဗုဒ္ဓဘာသာ၏ အတွေးအမြင်နှင့် စိတ်ထားများ အထူးသဖြင့် သက်ရှိသတ္တဝါ အားလုံးအပေါ်တွင် ထားရှိသည့် ခန္တီတရားနှင့် ချစ်ခြင်းမေတ္တာတရားများသည် အလွန်ခက်ခဲသိမ် မွေ့သည့် အချိန်အခါ အခြေအနေသို့ရောက်ရှိနေသော ပစ္စက္ခ လူ့ယဉ်ကျေးမှုနယ်ပယ်တွင် အထူးလိုအပ်ပြီး အရေးပါသည့်တရားများ ဖြစ်နေပါပြီ။ ဗုဒ္ဓဘာသာ၏ အနှစ်သာရပြည့်ဝသော လူသားဝါဒ သဘောတရားသည် နှစ်ပရိစ္ဆေဒများစွာ ကျော်လွန်ခဲ့ပြီဖြစ်သော်လည်း ယနေ့ မျက်မှောက်ကာလတိုင်အောင် ကမ္ဘာ့လူသားများကို ဆွဲဆောင်လျက်ပင်ရှိပါသည်။



**ဘင်္ဂလားဒေ့ရှ် ပြည်သူ့ သမ္မတနိုင်ငံ သမ္မတ ပါမောက္ခ ဒေါက်တာ အီယာကျူဒင်အာမက်ထံမှ ပေးပို့သော ဂုဏ်ပြုသဝဏ်လွှာကို ကိုယ်စားလှယ်တစ်ဦးက ဖတ်ကြားစဉ်။** (သတင်းစဉ်)

ဤထိပ်သီး ညီလာခံသည် ကမ္ဘာတစ်ဝန်းရှိ ဗုဒ္ဓဘာသာဝင်များအား ပိုမိုနီးကပ် ရင်းနှီးစေလာပြီး ဗုဒ္ဓဘာသာ၏ နမူနာစံပြစိတ်ထားဖြစ်သည့် ငြိမ်းအေးသောစိတ်ထား၊ လိုက်လျောညီထွေ ပြေပြစ်စွာ နေထိုင်တတ်မှုများသည် ယေဘုယျအားဖြင့် ကွဲပြားခြားနားသော ဘာသာဝင်များအတွင်း၌သော်လည်းကောင်း၊ အထူးအားဖြင့် ဗုဒ္ဓဘာသာဝင်များအတွင်း၌သော်လည်းကောင်း ပိုမိုစွဲမြဲခိုင်မာလာစေမည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။

ထိပ်သီးညီလာခံ ကျင်းပပြီးစီးသွားသည့်အခါ ကျွန်ုပ်တို့အိမ်နီးနားချင်း နှစ်နိုင်ငံအတွင်း ဖြစ်ထွန်းတည်ရှိနေပြီဖြစ်သည့် ချစ်ကြည်မှုနှင့်ပူးပေါင်းဆောင်ရွက်မှုများသည် အနာဂတ်ကာလတွင် နှစ်နိုင်ငံ ပြည်သူတို့ အကျိုးစီးပွားအလို့ငှာ ပိုမိုခိုင်မာတည်မြဲလာမည်ဟု ကျွန်ုပ်မျှော်လင့်ပါသည်။

အဆွေတော် ကျန်းမာပျော်ရွှင်စွာဖြင့် သက်တော်ရာကျော် ရှည်ပါစေကြောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်သူ နိုင်ငံတော်သားအပေါင်း ဆက်လက်ငြိမ်းချမ်းရေး တိုးတက်စည်ပင်ဝပြောပါစေကြောင်း ဆုမွန်ကောင်းများ တောင်းဆိုဆန္ဒပြုအပ်ပါသည်။ အဆွေတော်အပေါ် ထားရှိသော ကျွန်ုပ်၏ လေးစားဂါရဝတရားကိုလည်း ထပ်လောင်း ဖော်ပြအပ်ပါသည်ခင်ဗျား။

**ပါမောက္ခ ဒေါက်တာ အီယာကျူဒင်အာမက်**
**သမ္မတ**
**ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ။**

# ထိပ်သီးညီလာခံ၏ ဆွေးနွေးဆုံးဖြတ်ချက်များသည် ငြိမ်းချမ်းသောကမ္ဘာကြီးဖြစ်ရေးအထောက်အကူပြုမည်

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသို့ပေးပို့သော သီရိလင်္ကာသမ္မတနိုင်ငံသမ္မတ၏ဂုဏ်ပြုသဝဏ်လွှာ–

ပြည်ထောင်စုမြန်မာနိုင်ငံတော် ရန်ကုန်မြို့တွင် ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၉ရက်နေ့မှ ၁၁ရက်နေ့အထိကျင်းပသော ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးသို့ ဆုတောင်းသဝဏ်လွှာပေးပို့ရသည်ကို ကျွန်ုပ်အနေဖြင့် ဝမ်းမြောက်မိပါသည်။ ဤညီလာခံသည် ယခုနှစ်တွင် ကျရောက်သော သီရိလင်္ကာနိုင်ငံ အမရပူရမဟာ နိကာယဂိုဏ်း တည်ထောင်ခြင်း အနှစ် ၂၀၀ပြည့် နှစ်ပတ်လည်အထိမ်းအမှတ်အခမ်းအနားနှင့် တိုက်ဆိုင်နေသည်ကိုလည်း သတိပြုမိပါသည်။

၁၈၀၃ခုနှစ်တွင် (သီရိလင်္ကာမှ )အရှင်ဝေလိတရ ဉာဏတိဿ မဟာနာယကထေရသည် ယခုမြန်မာနိုင်ငံဟုခေါ်တွင်သော ဗမာပြည် အမရပူရနေပြည်တော်သို့ သွားရောက်ပြီး အမရပူရသုဝဏ္ဏသီမာမာလကမည်သောသိမ် (ဆင်ကြိုးရွှေဂူသိမ်)တွင် ဓမ္မရာဇာဓိရာဇဂုရု သံဃရာဇမဟာနာယကထေရ (မြန်မာသာသနာပိုင်ဆရာတော်)ထံမှောက်၌ ဥပသမ္ပဒါကံဆောင် ရဟန်းခံခဲ့ရာမှ (သီရိလင်္ကာနိုင်ငံတွင်) အမရပူရမဟာနိကာယဂိုဏ်းစတင်ခဲ့ပါသည်။ ထိုအချိန်မှစ၍ ကျွန်ုပ်တို့နိုင်ငံပြည်သူတို့၏ သာသနာတော် အကျိုးစီးပွားအတွက် (မြန်မာပြည်)အမရပူရမဟာနိကာယသံဃအဖွဲ့က ထူးခြားစွာ စွမ်းဆောင်ပေးခဲ့သည်ဟု နားလည်လက်ခံထားပါသည်။ ကျွန်ုပ်တို့ သီရိလင်္ကာနိုင်ငံသားများအနေဖြင့် ဤသို့သော ကျေးဇူးတရားများကို လှိုက်လှဲစွာ အသိအမှတ်ပြုမှတ်တမ်းတင်လိုပါသည်။ ထို့ပြင် အနာဂတ်တွင်လည်း အမရပူရမဟာနိကာယသံဃအဖွဲ့သည် ဤမွန်မြတ်သောလုပ်ငန်းကို လေးနက်စွာ ဆက်လက်ဆောင်ရွက်သွားမည်ဟု ကျွန်ုပ်တို့ သီရိလင်္ကာနိုင်ငံသားအားလုံးတို့က မျှော်လင့်ပါသည်။



**သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မဒမ်ချန်ဒရီကာဘန်ဒရာနိုက်ကေး ကုမာရာတွန်ဂါထံမှ ပေးပို့သော ဂုဏ်ပြုသဝဏ်လွှာကို ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.D.M.M.Ranaraja က ဖတ်ကြားစဉ်။** (သတင်းစဉ်)

ကျွန်ုပ်တို့လူမျိုးများ တိုးတက်ရေးနှင့်ယဉ်ကျေးမှု၊ ဘာသာစကား၊ မျိုးနွယ်အမျိုးမျိုးရှိသော ကျွန်ုပ်တို့လူနေမှုအဖွဲ့အစည်းမှ အဖွဲ့ကွဲများအချင်းချင်း ငြိမ်းချမ်းရေးရစေရန် ဦးတည်ပေးခဲ့သော အမရပူရမဟာနိကာယမဟာသံဃအဖွဲ့၏ စွမ်းစွမ်းတမံကြိုးပမ်းချက်များသည် ကျွန်ုပ်တို့အတွက် ကြီးမားသောလှုံ့ဆော်မှုကို ဖြစ်စေပါသည်။ ဤထိပ်သီးညီလာခံတွင် ဆွေးနွေးဆုံးဖြတ်ချက်များသည် ဗုဒ္ဓဘုရားရှင်၏ မွန်မြတ်သော ဒေသနာတော်ပြန့်ပွားရေးနှင့် ကျွန်ုပ်တို့လူသားအားလုံး ကြောက်ရွံ့ခြင်း၊ မုန်းတီးခြင်းကင်း၍ ငြိမ်းချမ်းသော ကမ္ဘာကြီးဖြစ်လာစေရေးအတွက် အထောက်အကူပြုမည်ဟုလှိုက်လှဲစွာ မျှော်လင့်ဆုတောင်းအပ်ပါသည်။

သတ္တဝါအားလုံး ကျန်းမာချမ်းသာကြပါစေ။

**မဒမ်ချန်ဒရီကာ ဘန်ဒရာနိုက်ကေး ကုမာရာတွန်ဂါ**
**သမ္မတ။**

# ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသည် ကမ္ဘာပေါ်ရှိ ဗုဒ္ဓဘာသာဝင်တို့ကိုဆုံစည်းစေနိုင်

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသို့ပေးပို့သော ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော် ဝန်ကြီးချုပ်၏ ဂုဏ်ပြုသဝဏ်လွှာ–

**အဆွေတော် ဝန်ကြီးချုပ်ခင်ဗျား–**

ဘင်္ဂလားဒေ့ရှ်ပြည်သူများနှင့် နိုင်ငံတော်အစိုးရ၏ ကိုယ်စား ခရစ်နှစ် ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၉ရက်နေ့မှ ၁၁ရက်နေ့အတွင်း ကျင်းပပြုလုပ်သည့် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး၏ ကြီးကျယ်မြင့်မြတ်လှသော အခမ်းအနားကြီးအတွက် လှိုက်လှိုက်လှဲလှဲဝမ်းမြောက်ကြောင်း သဝဏ်လွှာကို ပို့သနှုတ်ခွန်းဆက်သအပ်ပါသည်။

ဗုဒ္ဓ၏ အတွေးအခေါ်အယူအဆများဖြစ်သည့် အထူးအားဖြင့် အကြမ်းမဖက်ခြင်း၊ သည်းခံခြင်း၊ ရင်းနှီးချစ်ခင်စွာ နေထိုင်ခြင်းတို့သည် ကျွန်ုပ်တို့၏ သမိုင်းတစ်လျှောက်လုံး အတွေးအမြင်အသိစိတ်နှင့် ယှဉ်တွဲတည်ရှိ ခဲ့ပါသည်။ နိုင်ငံတကာငြိမ်းချမ်းရေးနှင့် စည်းလုံးညီညွတ်ရေးတို့ ဖြစ်ပေါ်တိုးတက်လာရေးအတွက် ဘင်္ဂလားဒေ့ရှ် နိုင်ငံဖွဲ့စည်းပုံ၏ သဘောထားသည် ဗုဒ္ဓဝါဒ၏ မှန်ကန်မြင့်မြတ်လှသော အတွေးအခေါ်များဖြင့် နိုးကြားတက်ကြွ လျက်ရှိပါသည်။ အကျပ်အတည်းများ၊ အခက်အခဲများဖြင့် ပြည့်နှက်လျက်ရှိသော လူ့သမိုင်းတွင် ဗုဒ္ဓဝါဒသည် နိုင်ငံများအတွင်း၊ လူမျိုးအသီးသီးအတွင်း၊ ဘာသာအယူဝါဒအမျိုးမျိုးအတွင်း၊ ငြိမ်းချမ်းခြင်း၊ ညီညွတ်ခြင်း များတိုးတက်ရရှိလာစေရန် အလွန်အားကောင်းသော အမာခံအင်အားတစ်ခုဖြစ်ပါသည်။



**ဘင်္ဂလားဒေ့ရှ် ပြည်သူ့ သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာထံမှပေးပို့သော ဂုဏ်ပြုသဝဏ်လွှာကို ကိုယ်စားလှယ်တစ်ဦးက ဖတ်ကြားစဉ်။** (သတင်းစဉ်)

ကျွန်ုပ်တို့၏ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် နိုင်ငံသားအချင်းချင်း စည်းလုံးညီညွတ်ခြင်း၊ သည်းခံခြင်း၊ တစ်ဦးနှင့်တစ်ဦးနားလည်မှုရှိခြင်း၊ လူမျိုးမရွေး၊ ဘာသာမရွေး၊ အမျိုးအနွယ်မရွေး၊ အခွင့်အရေးတန်းတူရရှိရေးအတွက် အခြေခံဥပဒေတွင် ရေးဆွဲဖော်ပြထားပါသည်။

ဤကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံအပါအဝင် ကမ္ဘာပေါ်ရှိ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်များအားလုံးတို့ ဆုံစည်းနိုင်သောအခွင့်အရေးကိုပေးသည်ဟု ကျွန်ုပ်ခိုင်မာစွာယုံကြည်မိပါသည်။ ဤဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးသည် ရှေးနှစ်ပေါင်းများစွာ ကျွန်ုပ်တို့နိုင်ငံ နှစ်နိုင်ငံ၏ချစ်ခင်ရင်းနှီးမှုကို တည်တံ့ခိုင်မြဲစေမည်ဟုလည်း ယုံကြည်ပါသည်။

ရင်းနှီးဖော်ရွေသော မြန်မာပြည်သူပြည်သားများ၊ ငြိမ်းချမ်းခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ခြင်း၊ ကြီးပွားချမ်းသာခြင်းများနှင့် ပြည့်ဝကြ၍ အဆွေတော်ဝန်ကြီးချုပ် ကျန်းမာခြင်း၊ ပျော်ရွှင်ချမ်းမြေ့ခြင်း၊ အသက်ရှည်ခြင်းတို့နှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့အပ်ပါသည်။

အဆွေတော်အပေါ်ထားရှိသော ကျွန်ုပ်လေးစားဂါရဝတရားကို ထပ်လောင်းဖော်ပြအပ်ပါသည်။

**ဘီဂမ်ခါလီဒါဇီယာ**
**ဝန်ကြီးချုပ်**
**ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ။**

# ဗုဒ္ဓမြတ်စွာ၏ သွန်သင်ညွှန်ပြချက်များ ပိုမိုပြန့်ပွားရေး မည်သို့ဆောင်ရွက်သင့်သည်ကို အမြင်ချင်းဖလှယ်နိုင်ကြမည်

**လာအိုဗုဒ္ဓဘာသာသင်္ဂဟအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ဒေါက်တာဝိချစ်သဃ်ရာဇ်ထံမှ မြန်မာနိုင်ငံ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ထံသို့ ပေးပို့သည့်သဝဏ်လွှာ–**

မြန်မာနိုင်ငံ နိုင်ငံတော်သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်ဘုရား–

ပြည်ထောင်စုမြန်မာနိုင်ငံတော်မှ ကမကထပြုကျင်းပသော ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး အခမ်းအနားတွင် လာအိုနိုင်ငံ ဗုဒ္ဓဘာသာသင်္ဂဟအဖွဲ့ ဗဟိုကော်မတီနှင့် လာအိုလူမျိုးစုဗုဒ္ဓဘာသာဝင်များ ကိုယ်စားလည်းကောင်း၊ ကျွန်ုပ်ကိုယ်တိုင်အနေဖြင့်လည်းကောင်း၊ အရှင်ဘုရားနှင့်တကွ ဗုဒ္ဓဘာသာ မြန်မာလူမျိုးအား ချီးကျူးဂုဏ်ပြုရသည်ကို လွန်စွာနှစ်ထောင်းအားရဖြစ်မိပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ဗုဒ္ဓမြတ်စွာ၏အဆုံးအမများကို အထူးကြည်ညိုရိုသေကိုင်းရှိုင်းသည့် ဗုဒ္ဓဘာသာနိုင်ငံတော်ဖြစ်ပါသည်။ မြန်မာနိုင်ငံအစိုးရနှင့် မြန်မာပြည်သူများသည် သာသနာသက္ကရာဇ် ၂၅၀၀ ပြည့်နှစ်က ပြည်ထောင်စုမြန်မာနိုင်ငံတော် ရန်ကုန်မြို့ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ဆဋ္ဌသင်္ဂါယနာတင်ပွဲ ကျင်းပပြီး ပိဋကတ်သုံးပုံအား သန့်စင်စေခဲ့ပါသည်။

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကိုလည်း မြန်မာနိုင်ငံ၏ မြို့တော်ရန်ကုန်ရှိ မဟာပါသာဏ လိုဏ်ဂူတွင်ပင် ကျင်းပသွားမည်ဖြစ်ရာ ဗုဒ္ဓသာသနာသမိုင်းတွင် အရေးပါသည့်ဖြစ်ရပ်တစ်ခုအဖြစ်သာမက (ကမ္ဘာ့)ထိပ်သီးဗုဒ္ဓဘာသာ ခေါင်းဆောင်များစုဝေး၍ လူသားအားလုံး၏ ငြိမ်းချမ်းရေး၊ ချစ်ကြည်ရေး၊ သွေးစည်းညီညွတ်ရေးနှင့် ပျော်ရွှင်ချမ်းမြေ့မှုတို့ တိုးတက်မြင့်မားလာစေရေးအတွက် ဗုဒ္ဓမြတ်စွာ၏ ဆုံးမ သွန်သင်ညွှန်ပြချက်များ ပိုမိုပြန့်ပွားစေရန် ကမ္ဘာတစ်ဝန်းလုံးသို့ ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဖြူးရာတွင် မည်သို့မည်ပုံ ဆောင်ရွက်သင့်ကြသည်ကို ဆွေးနွေးတိုင်ပင် အမြင်ချင်းဖလှယ်နိုင်ကြမည် ဖြစ်ပါသည်။

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး အောင်မြင်စွာကျင်းပနိုင်ရန် ရင်းနှီးဖော်ရွေသည့်ဝတ်ကျေဝတ်ကျေပွန်စွာ စီမံပြင်ဆင်ခဲ့ကြသော မြန်မာနိုင်ငံနိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့် အထူးသဖြင့် မြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာနနှင့် မြန်မာပြည်သူပြည်သားတို့၏ ဆောင်ရွက်ချက်များကို လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုပါကြောင်းနှင့် ထောက်ခံကြိုဆိုပါကြောင်း ထပ်လောင်းပြောကြားလိုပါသည်။

**ဗီယင်ကျန်း**
**၁၁၊ အောက်တိုဘာ ၂၀၀၄**
**ဥက္ကဋ္ဌ၊ လာအိုဗုဒ္ဓဘာသာသင်္ဂဟအဖွဲ့**
**ဒေါက်တာ ဖရဝိချစ်သဃ်ရာဇ်။**

# လူသားများကို ဗုဒ္ဓ၏အလင်းရောင်အောက်တွင် ညီညွတ်စွာယှဉ်တွဲနေထိုင်ရေး ပို့ဆောင်ပေးနိုင်

**ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးဖွင့်ပွဲ မင်္ဂလာ အခမ်းအနားတွင် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်ထံမှ ပေးပို့သော ဂုဏ်ပြုသဝဏ်လွှာကို ကမ္ဘောဒီးယား နိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr.Lu Lay Sreng က ဖတ်ကြားစဉ်။**
(သတင်းစဉ်)



**ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသို့ပေးပို့သော ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၏ဂုဏ်ပြုသဝဏ်လွှာ–**

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ သမိုင်းဝင်မြို့တော်ဖြစ်သော ရန်ကုန်မြို့တွင် ကျင်းပသည့် ကမ္ဘာ့ ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးသို့ တက်ရောက်ကြသူ ဗုဒ္ဓဘာသာဝင်အားလုံးအား လှိုက်လှဲစွာ နှုတ်ခွန်း ဆက်သရခြင်းကို ကျွန်ုပ်အနေဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါသည်။

ကမ္ဘောဒီးယားနိုင်ငံမှ ဗုဒ္ဓဘာသာဝင်များအပါအဝင် ဗုဒ္ဓဘာသာဝင် အားလုံးတို့သည် ကမ္ဘောဒီးယားနိုင်ငံ ဘုရင်နော်ရိုဒမ်သီဟာနုကြီးမှူး၍ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ ပလ္လင်ဆောင်ခန်းမ၌ ၂၀၀၂ ခုနှစ် ဒီဇင် ဘာလတွင် တတိယအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးကျင်းပခဲ့ခြင်းကို အလေးအနက် ကျေးဇူးတင် လျက်သတိရနေကြဆဲရှိမည်ဟု လေးနက်စွာယုံကြည်မိပါသည်။ တတိယအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီး ညီလာခံ၏ရလဒ်သည် လူ့ဘောင်အဖွဲ့အစည်းတွင် နေထိုင်ကြသော လူသားများအကြား ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုနှင့် သဟဇာတဖြစ်မှုတို့အတွက်သာမက ကျွန်ုပ်တို့၏တူညီသော ဗုဒ္ဓဘာသာတရားတွင် သက်ဝင် ယုံကြည်မှုကို ထောက်ပံ့ရန်နှင့်မြှင့်တင်ရန်အတွက် ပူးပေါင်းဆောင်ရွက်ရေးတွင် ကမ္ဘာတစ်ဝန်းလုံးရှိ ဗုဒ္ဓ ဘာသာဝင်များ၏ ညီညွတ်သော စည်းလုံးမှုကို ထင်ဟပ်နေပေသည်။

ဤနေရာတွင် ညီလာခံကြီးသည် ကွဲပြားခြားနားသော နိုင်ငံအသီးသီးမှ ဂိုဏ်းအသီးသီးရှိ ဗုဒ္ဓဘာသာဝင်များ အကြား လေးနက်သော ခင်မင်ရင်းနှီးမှုနှင့် ကြံ့ခိုင်စည်းလုံးမှုတို့၏ တန်ဖိုးနှင့် အနက်အဓိပ္ပာယ်တို့ကို မှတ်တမ်းတင်ပေးသည်။ ဗုဒ္ဓဘာသာဝင်အများ စွဲမြဲလက်ကိုင်ထားသည့် လွန်ခဲ့သော နှစ်ပေါင်းများစွာက သားစဉ်မြေးဆက် ထိန်းသိမ်းလက်ဆင့်ကမ်းခဲ့သည့် ဤဓလေ့သည် ကျွန်ုပ်တို့အားလုံးအား တူညီသော ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အကြမ်းဖက်ခြင်း၊ ကျူးကျော်ရန်စခြင်း၊ မနာလိုခြင်းနှင့် အကုသိုလ်တရားများကို ပယ်ရှားရန်အတွက်လည်းကောင်း၊ လူသားများကို ဗုဒ္ဓ၏တရားအလင်းရောင်အောက်တွင် ညီညွတ်စွာ အတူယှဉ်တွဲနေထိုင်ရေးကို ရှာဖွေရေးသို့လည်းကောင်း ပို့ဆောင်ပေးနိုင်မည်ဖြစ်ပေသည်။

ဤနည်းအားဖြင့် တတိယအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသည် ဗုဒ္ဓဘာသာဝင်များ၏ အခန်းကဏ္ဍတွင် အရေးအပါဆုံးလုပ်ငန်းဖြစ်သည့် ကြောက်မက်ဖွယ်ရာကောင်းလှသော အကုသိုလ်အပြစ်များ ဖြစ်သော လောဘ၊ အကြမ်းဖက်မှုနှင့် အမုန်းတရားတို့၏စွမ်းအားဖြင့် ထိန်းချုပ်ခြင်းခံနေရသော ဘေး အန္တရာယ်များကို သိမြင်ရန် နိုင်ငံရေးနယ်ပယ်အသီးသီးမှ လူသားများအား နှိုးဆော်ရန်အတွက်နှင့် ဗုဒ္ဓ၏တရားလမ်းကြောင်းနှင့်အညီ လိုက်နာရေးသို့ ပြန်လည်ရောက်ရှိစေရေး စသည့်အကျိုးတရားများကို ရရှိနိုင်ပေသည်။

ရန်ကုန်မြို့တွင် ကျင်းပသော ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးသည် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် အရှိန်အဟုန်ထပ်မံမြှင့်တင်ပေးပြီး မေတ္တာနှင့်ကရုဏာကို လက်ကိုင်ထားသော အပြုသဘောဆောင်သည့် အပြောင်းအလဲများကိုလည်း ပိုမိုဖော်ဆောင်ပေးနိုင်လိမ့်မည်ဟု လေးနက်စွာယုံကြည်မိပါသည်။ ဤနည်း အားဖြင့် ပဋိပက္ခများနှင့် ဆင်းရဲဒုက္ခများကို လျော့ပါးစေရေးအတွက်လည်းကောင်း၊ ဤလောကကြီးအား ပိုမိုနေချင်စဖွယ်ကောင်းသော နေရာတစ်ခုအဖြစ် ပြောင်းလဲပေးရန်အတွက်လည်းကောင်း ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးမှ အထောက်အကူပြုလိမ့်မည်ဟု ယုံကြည်ပါသည်။

ဤယုံကြည်ချက်ဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက ကမကထပြုကျင်းပသည့် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး အစစအရာရာ အောင်မြင်ရေးအတွက် ကမ္ဘောဒီးယားနိုင်ငံတော်အစိုးရကိုယ်စား လှိုက်လှဲစွာဆန္ဒပြုလိုက်ပါသည်။

ထပ်မံ၍ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး၏ စိတ်ဓာတ်သည် ကျွန်ုပ်တို့၏ နှလုံးသားဝယ် ထာဝရ ကိန်းအောင်းနေပြီး ငြိမ်းချမ်းရေးနှင့်သာယာဝပြောရေးကို ဖန်တီးနိုင်မည့် ဗုဒ္ဓတရားတော်များကို လိုက်နာကြသည့် ကမ္ဘာတစ်ဝန်းလုံးရှိ ဗုဒ္ဓဘာသာဝင်များအကြား ခိုင်မာသော စည်းလုံးညီညွတ်မှု၏ သင်္ကေတ ဖြစ်လာစေရန် ဆုတောင်းလိုက်ပါသည်။

နောက်ဆုံးအနေဖြင့် ဤထိပ်သီးညီလာခံသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်တော်များအားလုံး ဗုဒ္ဓ၏တန်ခိုးတော်ကြောင့် ဆုငါးပါးနှင့် ပြည့်စုံစေရန် ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

**ဟွန်ဆင်။**

# ကမ္ဘာ့လူသားအားလုံးအတွက် ငြိမ်းချမ်းရေးအရေးပါပုံ ထိပ်သီးညီလာခံကြီးက မီးမောင်းထိုးပြနိုင်မည်

**ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီး ညီလာခံကြီးဖွင့်ပွဲ မင်္ဂလာ အခမ်းအနားတွင် နီပေါနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရှားဗဟာဒူးဒူပါ ထံမှ ပေးပို့သော ဂုဏ်ပြု သဝဏ်လွှာကို နီပေါနိုင်ငံ ယဉ်ကျေးမှု၊ ခရီးသွားနှင့် လေကြောင်းဝန်ကြီးဌာန ဝန်ကြီး H.E.Mr.Deep Kumar Upadhayaya ကဖတ်ကြားစဉ်။**
(သတင်းစဉ်)



**ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသို့ပေးပို့သော နီပေါနိုင်ငံဝန်ကြီးချုပ်၏ဂုဏ်ပြုသဝဏ်လွှာ–**

ပြည်ထောင်စုမြန်မာနိုင်ငံတော် ရန်ကုန်မြို့တွင် ၂၀၀၄ခုနှစ် ဒီဇင်ဘာလ ၉ရက်နေ့မှ ၁၁ရက်နေ့အထိ ကျင်းပမည့် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံသို့ ဤဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ရသည့်အတွက် အထူးနှစ်ထောင်း အားရကျေနပ်မိပါသည်။

ငြိမ်းချမ်းရေးတရားတော်ကို ဟောကြားတော်မူခဲ့သော အထွတ်မြတ်ဆုံးသော သကျမုနိသခင် ဗုဒ္ဓမြတ်စွာ သည် ခရစ်နှစ် ၆၂၃ ခုတွင် နီပေါနိုင်ငံတောင်ပိုင်းရှိ လုမ္ဗိနီဥယျာဉ်တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့ ပါသည်။ မြတ်စွာဘုရားသခင်၏ အဆုံးအမများဖြစ်သည့် ငြိမ်းချမ်းရေး၊ မေတ္တာတရားနှင့်ခန္တီတရားများ သည် အတိတ်ကာလဖြစ်ရပ်အခြေအနေများနှင့်လိုက်ဖက်ဆီလျော်သကဲ့သို့ ယနေ့မျက်မှောက်ကမ္ဘာ့အခြေ အနေများနှင့်လည်း လိုက်ဖက်ဆီလျော်လျက်ရှိပါသည်။

ကျွန်ုပ်တို့သည် ၂၁ ရာစုအတွင်းသို့ စတင်ချင်းနင်းဝင်ရောက်ခဲ့ကြပါပြီ။ ကုန်လွန်ခဲ့သော ရာစုနှစ်သည် ကျွန်ုပ်တို့အတွက် နိုင်ငံအတွင်းနှင့် နိုင်ငံအချင်းချင်း ဆင်နွှဲခဲ့ကြသည့်စစ်ပွဲများ၊ လူမျိုးစုပဋိပက္ခများနှင့် ပြဿနာပေါင်းမြောက်မြားစွာကို ချန်ထားပေးခဲ့ပါသည်။သမားရိုးကျလက်နက်များ၊ နျူကလီးယားလက်နက် များ အမြောက်အမြားထုတ်လုပ်ပိုင်ဆိုင်ထားခြင်းမှ ပေါ်ပေါက်လာသည့် ခြိမ်းခြောက်မှုအန္တရာယ်သည် ကြီးမားစွာ ဆက်လက်တည်ရှိနေပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့အနေနှင့် ဒေသတွင်းနှင့်ဒေသပြင်ပတွင်ပါ ငြိမ်းချမ်းရေး ထိန်းသိမ်းရန် ပိုမိုတိုးတက်စေရန်နှင့်ပြန့်ပွားစေရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်း အားထုတ်နေကြရမည် ဖြစ်ပါသည်။ ငြိမ်းချမ်းရေးထွန်းကားစေရန်အတွက်သော်လည်းကောင်း၊ ဆိုးရွားသည့်စစ်ပွဲများ ဆင်နွှဲရန်အတွက် သော်လည်းကောင်း၊ ဖန်တီးနိုင်သူမှာ လူသားများသာဖြစ်ပါသည်။ ဤထိပ်သီးညီလာခံသည် ကမ္ဘာ့လူသား အပေါင်းအတွက် ငြိမ်းချမ်းရေး၏အရေးပါအရာရောက်ပုံကို မီးမောင်းထိုးပြနိုင်မည့် အောင်မြင်သည့် ညီလာခံကြီး ဖြစ်လိမ့်မည်ဟု ကျွန်ုပ်ခိုင်မြဲစွာ မျှော်လင့်ပါသည်။

ငြိမ်းချမ်းရေးနှင့်တိုးတက်မှုတို့သည် တစ်ခုပေါ်တစ်ခု အမှီသဟဲပြုလျက်ရှိပါသည်။ ငြိမ်းချမ်းမှုမရှိဘဲ စီးပွားဖွံ့ဖြိုးတိုးတက်မှုရရှိရန်နှင့်ရရှိထားပြီးဖြစ်သည့် စီးပွားတိုးတက်မှုကို တည်မြဲအောင် ဆောင်ရွက်နိုင်ရန် ဖြစ်နိုင်မည်မဟုတ်ပါ။ ဤအမြင်ကို အခြေခံ၍ ရန်ကုန်မြို့တော်တွင် ကျင်းပမည့် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီး ညီလာခံကြီးသည် အလွန်အရေးပါ အရာရောက်လှသည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။ ထိပ်သီးညီလာခံကြီး အထူး အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ရှားဗဟာဒူးဒူပါ။**

# ငြိမ်းချမ်းသာယာသောကမ္ဘာကြီးဖြစ်ရေး ဗုဒ္ဓဘာသာဝင်များ၏ကြိုးပမ်းမှုဝမ်းသာပီတိဖြစ်မိ



**ထိုင်းနိုင်ငံဝန်ကြီးချုပ်**

ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ သက်ဆင်ရှင် နာဝပ်က နှုတ်ခွန်းဆက် မိန့်ခွန်းပြောကြားစဉ်။
(သတင်းစဉ်)

**၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၉ ရက်နေ့က ပြည်ထောင်စု မြန်မာနိုင်ငံတော် ရန်ကုန်မြို့၌ ဖွင့်လှစ်လိုက်သည့် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး ဖွင့်ပွဲအခမ်းအနားတွင် ထိုင်းနိုင်ငံ ဝန်ကြီးချုပ်ဒေါက်တာ သက်ဆင်ရှင် နာဝပ် ပြောကြားသည့် နှုတ်ခွန်းဆက်မိန့်ခွန်း–**

**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဆရာတော်ဘဒ္ဒန္တကုမာရ၊ သာသနာပိုင်ဆရာတော်ကြီးများ၊ မထေရ်မြတ်များ၊ အဆွေတော်နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်တကွ ဂုဏ်သရေရှိ ဧည့်သည်တော်ကြီးများနှင့် လူကြီးမင်းများခင်ဗျား–**

ကမ္ဘာအရပ်ရပ်မှ သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ မထေရ်မြတ်များ၊ အစိုးရအဖွဲ့ကိုယ်စားလှယ်တော်များနှင့် ဗုဒ္ဓဘာသာဝင်များ ယခုကဲ့သို့ ကြီးကျယ်ခမ်းနား လေးစားဖွယ်ဖြစ်တဲ့ ညီလာခံကြီးမှာ တက်ရောက်စကားပြောခွင့်ရတဲ့အတွက် ကျွန်တော့်အနေဖြင့် များစွာဝမ်းသာမိကြောင်း ပဏာမပြောကြားလိုပါတယ်။

ယနေ့ကျင်းပတဲ့ ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံဟာ တစ်ဦးနဲ့တစ်ဦး ဘာသာရေးနဲ့ ယဉ်ကျေးမှုအရ ခိုင်မြဲစွာ ဆက်စပ်ယှက်နွယ်နေတဲ့ ဒီဒေသတွင်းမှ ဗုဒ္ဓဘာသာဝင်များအတွက်လည်းကောင်း၊ တစ်ကမ္ဘာလုံးရှိ ဗုဒ္ဓဘာသာဝင်များအတွက်လည်းကောင်း လွန်စွာအရေးပါတဲ့ ညီလာခံကြီးဖြစ်တယ်ဆိုတာ သံသယဖြစ်ဖွယ်မဟုတ်ပါကြောင်း၊ ဤကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးကို အိမ်ရှင်အဖြစ် အောင်မြင်စွာလက်ခံ ကျင်းပပေးသော မြန်မာအစိုးရနဲ့ မြန်မာပြည်သူများကို ထိုင်းအစိုးရနဲ့ ထိုင်းပြည်သူတို့ကိုယ်စား ကျွန်တော်က နွေးထွေးစွာ ကြိုဆိုဂုဏ်ပြုအပ်ပါကြောင်း၊ ရှေးပဝေသဏီကပင် ဗုဒ္ဓဘာသာသာသနာ အမြစ်တွယ်စည်ပင် ထွန်းကားပြန့်ပွားခဲ့သော နိုင်ငံတစ်နိုင်ငံအနေဖြင့် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကို လက်ခံကျင်းပရန်အတွက် မြန်မာနိုင်ငံသည် အသင့်တော်ဆုံး နေရာတစ်နေရာ အမှန်ပင်ဖြစ်ကြောင်း ပြောကြားလိုပါတယ်။

**သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ ဂုဏ်သရေရှိ လူကြီးမင်းများနဲ့ ဗုဒ္ဓဘာသာဝင်သူတော်စင်များခင်ဗျား–**

တစ်ကမ္ဘာလုံး လွှမ်းခြုံစုစည်း လုပ်ရှားမှုခေတ်တွင် သိပ္ပံနှင့်နည်းပညာနှင့် ကြိုးပမ်းအားထုတ်မှုနှင့် ခုန်ပျံ ကျော်လွှားမှုနယ်ပယ်အားလုံးမှ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီအခြေအနေက ကမ္ဘာကြီးကို များစွာ ချုံ့ပစ်လိုက်တဲ့အခါမှာ လူမျိုး၊ ယဉ်ကျေးမှုနဲ့ ဘာသာရေးမတူညီတဲ့ပြည်သူများကို သမိုင်းတွင် ဘယ်အချိန်အခါကနဲ့မှ မတူအောင် အတူတကွ ပိုမိုပူးပေါင်းနေထိုင်လုပ်ကိုင်လာအောင် တွန်းပို့ပေးလိုက်ပြီဖြစ်ကြောင်း။

ကြေးနန်းဆက်သွယ်ရေးနှင့် အင်တာနက်တို့က ကမ္ဘာ့ဒီဘက်ခြမ်းမှ ပြည်သူတွေအနေဖြင့် ကမ္ဘာ့ဟိုဘက်ခြမ်းက အဖြစ်အပျက်ကို ချက်ချင်းသိအောင် စွမ်းဆောင်ပေးနေကြောင်း၊ ယခုအခါ ပြည်သူများသည် ကမ္ဘာလှည့်ခရီးသည်အဖြစ်၊ ကုန်သည်အဖြစ်၊ ရင်းနှီးမြှုပ်နှံသူများအဖြစ်၊ အလုပ်ရှာဖွေသူများအဖြစ်၊ ပြောင်းရွှေ့လာသူများအဖြစ် ကမ္ဘာပေါ်တွင်သွားလာ ပေါက်ရောက်နေကြကြောင်း၊ ကမ္ဘာကြီး၏ ပြောင်းလဲနေသော လူမှုရေးမြင်ကွင်းမှာ အမှန်ပင် အကြီးအကျယ် ပြောင်းလဲသွားပြီဖြစ်ကြောင်း၊ လူမျိုးစုံ၊ယဉ်ကျေးမှုစုံ လူ့အဖွဲ့အစည်းများမှာ ကမ္ဘာလုံးဆိုင်ရာဖြစ်စဉ်ဖြစ်ရပ်အဖြစ် ရောက်ရှိလာပြီဖြစ်ကြောင်း။

လူမျိုးစုံ၊ ယဉ်ကျေးမှုစုံလူ့အဖွဲ့အစည်းများ ပေါ်ပေါက်လာသည်နှင့်အမျှ မလိုလားအပ်သော နောက်ဆက်တွဲဖြစ်ရပ်များက ကပ်ပါလာကြောင်း၊ အတိအကျ ပြောရမည်ဆိုလျှင် အသားအရောင်၊ ယုံကြည်ကိုးကွယ်မှု၊ ယဉ်ကျေးမှုနဲ့ အခြားအရာများပေါ် အခြေခံပြီး ဘက်လိုက်မှုများ၊ အခြေအမြစ်မရှိတဲ့ အစွဲအလမ်းများရှိလာကြောင်း။

မိမိတို့နှင့်မတူသည့် ယင်းဘက်လိုက်မှု၊ အခြေအမြစ်မရှိတဲ့ အစွဲအလမ်းများ တိုးပွားလာခြင်းက ကမ္ဘာ့ဒေသအများအပြားတွင် ကျွန်တော်တို့ တွေ့မြင်နေရသည့်အတိုင်း မုန်းတီးမှု၊ လူမျိုးရေးနဲ့ ဘာသာရေးပဋိပက္ခများအပြင် အဆိုးရွားဆုံးဖြစ်သည့် အစွန်းရောက်မှုနဲ့ အကြမ်းဖက်မှုများကို ဖြစ်ထွန်းစေကြောင်း၊ ကျွန်တော်တို့အားလုံး သတိပြုမိသည့်အတိုင်း ထိုအရာအားလုံးသည် ကမ္ဘာ့ဒေသ အများအပြားသို့ ပျံ့နှံ့ပြီး မျက်မှောက်ကာလ ကမ္ဘာကြီးကိုပင် အကြီးမားဆုံး ခြိမ်းခြောက်မှုတစ်ခုအဖြစ် ဖြစ်ပေါ်လာနေပြီဖြစ်ကြောင်း။

သို့ဖြစ်ခြင်းကြောင့် ဘာသာရေးငဲ့ကွက်မှုကို ပဓာနမထားဘဲ အလယ်အလတ်လမ်း (ဗုဒ္ဓဘာသာမှ မဇ္ဈိမ ပဋိပဒါလမ်းစဉ်)၊ အလွန်အကျွံမဖြစ်ခြင်းနှင့် သည်းခံခြင်းတရား လက်ခံကျင့်သုံးသူများကို ကျွန်တော်တို့အားလုံးက လုပ်ပိုင်ခွင့် အာဏာအပ်ရန်လည်း လိုအပ်ကြောင်း၊ ပထမဆုံး မြတ်ဗုဒ္ဓရှင်တော်မြတ်၏ အဆုံးအမများတွင် ပဓာနသီလဖြစ်တဲ့ သူ့အသက်သတ်ခြင်းကို ရည်ညွှန်းလိုကြောင်း၊ မည်သည့်အကြောင်းဖြင့် ကျူးလွန်သည်ဖြစ်စေ သူ့အသက်သတ်ခြင်းမှာ မကောင်းမှုဒုစရိုက်ပင်ဖြစ်ကြောင်း၊ ထို့အတူ နားလည်မှု၊ စာနာရိုင်းပင်းမှု၊ ချစ်ခြင်းမေတ္တာနဲ့ ကူညီထောက်ပံ့ရေးတရားများသည် လူသားအတွက် မရှိမဖြစ်တဲ့ သုစရိုက် အားသာချက်များဖြစ်တယ်၊ ဘာသာအားလုံး၏ စစ်မှန်မြင့်မြတ်သော ရည်မှန်းချက်များ ဖြစ်တယ်ဆိုခြင်းကို ပျံ့နှံ့အောင် ကျွန်တော်တို့ အားပေးကူညီရမှာဖြစ်ကြောင်း။

ဗုဒ္ဓဘာသာသည် အလွန်အကျွံမဖြစ်ခြင်း၊ သည်းခံခြင်းတရားနဲ့ပြည့်စုံသည့် ဘာသာဖြစ်ကြောင်း၊ စိတ်၏ ငြိမ်းချမ်းမှုနဲ့ အတ္တကို စွန့်လွှတ်မှုတို့မှာ သီလ၊ သမာဓိ၊ ပညာဖြင့်သာ ရရှိနိုင်သော ဗုဒ္ဓဘာသာဝင်အားလုံး၏ အန္တိမ ရည်မှန်းချက်များ ဖြစ်ကြောင်း၊ ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်များမှာ သီလကို ဆောက်တည်စောင့်ထိန်းရန် အဆုံးအမများ ရှိကြောင်း၊ထို့အပြင် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မစိုရ် တရားလေးပါးကိုလည်း စောင့်ထိန်းရန်ရှိကြောင်း။

ဤညီလာခံကြီး၏ ရည်ရွယ်ချက်များအနက် ရည်ရွယ်ချက်တစ်ခု ဖြစ်တဲ့ 'ကမ္ဘာ့လူသားထု တစ်ရပ်လုံးအတွက် ငြိမ်းချမ်းသာယာသော ကမ္ဘာကြီး ဖြစ်ထွန်းအကျိုးပြုစေရေးအတွက် ဗုဒ္ဓဘာသာ ရှုထောင့်က ဝိုင်းဝန်းကူညီဆောင်ရွက်ခြင်း' ဆိုတဲ့ ရည်ရွယ်ချက်ဖြင့် ဤကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကို ကျင်းပပြီး ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်တွေက ကြိုးပမ်းအားထုတ်နေတာကို မြင်တွေ့ရတဲ့အတွက် များစွာ ဝမ်းသာပီတိ ဖြစ်မိကြောင်း။

ဤသည်မှာ ကမ္ဘာကြီး အတိမ်းအစောင်းမခံတဲ့ လမ်းဆုံလမ်းခွရောက်နေချိန်မှာ ဗုဒ္ဓဘာသာဝင်များရဲ့ ကြီးမားပြီး အဖိုးအနဂ္ဃထိုက်တဲ့ စွမ်းဆောင် အထောက်အကူပြုမှု တစ်ရပ်ပင်ဖြစ်ကြောင်း၊ လူသားအားလုံးအတွက် ငြိမ်းချမ်းရေးနဲ့ ပျော်ရွှင်ချမ်းမြေ့ရေးကို ရှာကြံရာ၌ အောင်မြင်မှုအဖုံဖုံနဲ့ ပြည့်စုံပါစေကြောင်း ကျွန်တော် ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

ကျေးဇူးတင်ပါတယ်။

# ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကျင်းပရေးကြိုးပမ်းမှု လာအိုနိုင်ငံသားများကိုယ်စား ချီးကျူးဂုဏ်ပြု



**လာအိုဝန်ကြီးချုပ်**

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဘောင်ညံဗိုရာချစ်က နှုတ်ခွန်းဆက် မိန့်ခွန်း ပြောကြားစဉ်။
(သတင်းစဉ်)

**ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတ နိုင်ငံဝန်ကြီးချုပ် ပြောကြားသည့် နှုတ်ခွန်းဆက်မိန့်ခွန်း–**

**သံဃကိုယ်စားလှယ်တော်များ**
**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌ**
**ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊**
**မြန်မာပြည်တွင်းနှင့်ပြည်ပမှ ဂုဏ်သရေရှိဧည့်သည်တော်ကြီးများ**

**လူကြီးမင်းများခင်ဗျား–**

သာယာလှပပြီး ရှေးကျတဲ့ ဗုဒ္ဓဘာသာဆိုင်ရာ မွန်မြတ်သောနေရာများစွာရှိတဲ့ ရန်ကုန်မြို့တော်မှာကျင်းပတဲ့ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးဖွင့်ပွဲ အခမ်းအနားကို ယနေ့တက်ရောက်ရတဲ့အတွက် အလွန်နှစ်ထောင်းအားရဖြစ်မိပါတယ်၊ ဂုဏ်ယူမိပါတယ်။

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကျင်းပရေးကို အလွန်ကောင်းမွန်အောင် စီစဉ်ဖို့ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ကြိုးပမ်းခဲ့ကြတဲ့ မြန်မာပြည်သူတွေနဲ့ အစိုးရကိုယ်စားရော လာအိုနိုင်ငံသား ဗုဒ္ဓဘာသာဝင်တွေ ကိုယ်စားပါ လှိုက်လှိုက်လှဲလှဲ ချီးကျူးဂုဏ်ပြုပြီး ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ တစ်ချိန်တည်းမှာပဲ နိုင်ငံအသီးသီးနှင့် အဖွဲ့အစည်းအသီးသီးက ဗုဒ္ဓဘာသာကိုယ်စားလှယ်အားလုံးကို ဒီညီလာခံကြီးမှာ ပါဝင်တက်ရောက်ကြတဲ့အတွက် ချီးကျူးဂုဏ်ပြုပြီး အရိုအသေပေးလိုပါတယ်။

**နိုင်ငံခေါင်းဆောင်များနှင့် ဂုဏ်သရေရှိ ဧည့်သည်တော်များခင်ဗျား–**

ဗုဒ္ဓဘာသာခေါင်းဆောင်တွေ စုဝေးပြီး မိမိတို့ကြည်ညိုတဲ့ ဗုဒ္ဓဘာသာကို စောင့်ရှောက်ထိန်းသိမ်းရေးနှင့် ဒီကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးဟာ အလွန်အရေးပါလှပါတယ်။

ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ကြာရှည်တည်တံ့တဲ့ တည်ငြိမ်မှုရရှိရေးအတွက်ရော၊ လူသားတွေနဲ့ ကြီးပွားရေး၊ ပျော်ရွှင်ရေးနဲ့ ချမ်းသာသုခကို ဖော်ဆောင်နိုင်ဖို့အတွက် ကမ္ဘာတစ်ဝန်းက ဗုဒ္ဓဘာသာဝင်တွေရဲ့ လှိုက်လှဲတဲ့ ချစ်ကြည်ရင်းနှီးမှုနဲ့ အပြန်အလှန်နားလည်မှုတွေကိုလဲ တိုးမြှင့်နိုင်ဖို့ အခွင့်အလမ်းရရှိမှာ ဖြစ်ပါတယ်။

လူဦးရေ ၅၆သန်းရှိတဲ့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ ၇၅ ရာခိုင်နှုန်းဟာ ဗုဒ္ဓဘာသာဝင်တွေဖြစ်ပါတယ်။ ဒါပေမယ့် ဗုဒ္ဓဘာသာဝင်တွေသာမက အခြားဘာသာဝင်တွေရော ဘာသာတရားမရှိသူတွေကပါ အပြန်အလှန် လေးစားမှုအမြဲထားရှိကြလို့ လာအိုလူနေမှုအဖွဲ့အစည်းတစ်ခုလုံးက လှိုက်လှိုက်လှဲလှဲချစ်ကြည်ရင်းနှီးမှု၊ သဟဇာတဖြစ်မှုနှင့် အပြန်အလှန် ကူညီဖေးမမှုတို့ကို ခံစားရရှိကြပါတယ်။

နိုင်ငံတော်ကို စောင့်ရှောက်ထိန်းသိမ်းရေးနဲ့ နိုင်ငံတော်သာယာဝပြောရေးကို အစိုးရမူဝါဒက ချမှတ်ပြဋ္ဌာန်းထားတဲ့အတိုင်း ဖော်ဆောင်ကြိုးပမ်းရာမှာ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြပါတယ်။

လွန်ခဲ့တဲ့ ခြောက်နှစ်က စတင်ဖွင့်လှစ်ခဲ့တဲ့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ(သာသနာပြု)တက္ကသိုလ်ကို တည်ထောင်ခဲ့တဲ့မြန်မာနိုင်ငံအစိုးရရဲ့ ဆောင်ရွက်ချက်ကို အထူးအသိအမှတ်ပြုတန်ဖိုးထားပြီး ဂုဏ်ပြုချီးမွမ်းလိုပါတယ်။ ဒီတက္ကသိုလ်ဟာ ဗုဒ္ဓဘာသာလေ့လာသင်ယူရာနဲ့ ကမ္ဘာ့လူသားတွေအတွက် ဗုဒ္ဓဘာသာသင်ကြားရေးဖြန့်ဖြူးရာ အချက်အချာတစ်ခုပါ။ လာအိုရဟန်းတော်နဲ့ သီလရှင်အတန်အသင့်(ဒီတက္ကသိုလ်) မှာ တက်ရောက်ပညာသင်ယူခဲ့ကြပါတယ်။ ယခုလည်း တချို့တက်ရောက်ပညာသင်နေကြဆဲဖြစ်ပါတယ်။

ဒီမင်္ဂလာရှိတဲ့ အခါသမယမှာ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး အထူးအောင်မြင်ရေးအတွက် ဆုမွန် ကောင်း တောင်းလိုပါတယ်။

ကျေးဇူးတင်ပါတယ်။

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၁၀–၁၂–၂၀၀၄**
**(သောကြာနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ တောင်းဆုပြည့်စုံ မြတ်ဘုရား ရွှေတိဂုံ (အပိုင်း–၃) (ထူးခြားထင်ရှားသိဖွယ်များ နှင့် ရာသီပွဲတော်ဆင်နွဲပျော်)
- ၇:၅၅ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၈:၁၀ ၆။ ရွှေတိဂုံစေတီတော်၏ သိကောင်းစရာ ထူးခြားအံ့ဖွယ်အဖြာဖြာ
- ၈:၃၀ ၇။ International News
- ၈:၄၅ ၈။ English for Everyday Use
- ၉:၀၀ ၉။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၂၀ ၃။ **Tiger Cup ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (မြန်မာနှင့်ထိုင်း)**
- ၁၈:၁၅ ၄။ နှောင်းခေတ်တေးပဒေသာ
- ၁၈:၃၀ ၅။ ညနေခင်းသတင်း
- ၁၉:၀၀ ၆။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"လူချွန်လူကောင်း"** (အပိုင်း–၃၆)
- ၁၉:၃၅ ၈။ Union of Myanmar (Part-3)
- ၉။ Islands of Dhamma
- ၂၀:၀၀ ၁၀။ ပြည်တွင်းသတင်း
- ၁၁။ နိုင်ငံတကာသတင်းများ
- ၁၂။ မိုးလေဝသအခြေအနေ
- ၁၃။ **"ရဟန်းမစားရသော ဆွမ်းတစ်နပ်"** (အင်္ဂလိပ်စာတန်းထိုး) (ဇော်လင်း၊ အံ့ကျော်၊ မြတ်သစ်၊ နေမျိုး၊ ချိုပြုံး) (ဒါရိုက်တာ–မောင်နှင်းမိုး)
- ၁၄။ နောက်တစ်နေ့အစီအစဉ်
- ၁၅။ အစီအစဉ်ပြီး၏။



# ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး ခမ်းနားသိုက်မြိုက်စွာဆင်ယင်ကျင်းပ

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး ဖွင့်ပွဲမင်္ဂလာအခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ဆင္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးအတွင်း သံဃာတော်စင်မြင့်ပေါ်၌ သီတင်းသုံးတော်မူလျက်ရှိသည့် ဆရာတော်ကြီးများအား ဗုဒ္ဓရုပ်ပွားတော်များ ဆက်ကပ်လှူဒါန်းစဉ်။

(မြန်မာ့အလင်း)



ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး ဖွင့်ပွဲမင်္ဂလာအခမ်းအနားသို့ ကြွရောက်တော်မူကြသော ကမ္ဘာ့နိုင်ငံအသီးသီးမှ ဗုဒ္ဓဘာသာ ဦးသျှောင်ဆရာတော်များနှင့် ဗုဒ္ဓဘာသာဂိုဏ်းအသီးသီးမှ ဂိုဏ်းချုပ် ဘုန်းတော်ကြီးများအား ဖူးတွေ့ရစဉ်။

(သတင်းစဉ်)



ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး ဖွင့်ပွဲမင်္ဂလာအခမ်းအနားတွင် ပြည်တွင်း ပြည်ပမှ ဆရာတော်ကြီးများအား ပင့်ဆောင်တော်မူလာကြစဉ်။

(သတင်းစဉ်)



ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး ဖွင့်ပွဲမင်္ဂလာအခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးအတွင်း သံဃာတော်စင်မြင့်ပေါ်၌ သီတင်းသုံးတော်မူလျက်ရှိသည့် ဆရာတော်ကြီးများအား ဗုဒ္ဓရုပ်ပွားတော်များ ဆက်ကပ်လှူဒါန်းစဉ်။

(မြန်မာ့အလင်း)

ပြည်ထောင်စုမြန်မာနိုင်ငံတော် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး ဖွင့်ပွဲမင်္ဂလာအခမ်းအနားကျင်းပစဉ်။

(မြန်မာ့အလင်း)



ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးဖွင့်ပွဲမင်္ဂလာအခမ်းအနားတွင် ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး တောင်ဘက်အဝင် မင်္ဂလာလမ်းလက်ဝဲဘက်ရှိ ခေါင်းလောင်းတော်ကြီးကို ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး အထိမ်းအမှတ်အဖြစ် ကိုးကြိမ်ထိုး၍ ပူဇော်စဉ်။

(သတင်းစဉ်)





**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးဖွင့်ပွဲမင်္ဂလာအခမ်းအနားတွင် တက်ရောက်လာသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘောင်ညံဗိုရာချစ်အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

### ❍ *ကျောဖုံးမှ*

ပရိယတ္တိစာသင်တိုက်များမှ ပဓာနနာယကဆရာတော်များ၊ တိပိဋကဓရ ဩဝါဒါစရိယ ဆရာတော်များ၊ ထေရဝါဒဗုဒ္ဓသာသနာပြု ဩဝါဒါစရိယ ဆရာတော်များ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်များ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ ပါမောက္ခချုပ်ဆရာတော်နှင့် ဒုတိယပါမောက္ခချုပ်ဆရာတော်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်နှင့်မန္တလေး)တို့မှ ပါမောက္ခချုပ် ဆရာတော်များ၊သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ ပါမောက္ခချုပ် ဆရာတော်၊ ရန်ကုန်တိုင်း ကျောင်းထိုင် ဘုန်းကြီးသင်တန်းကျောင်းမှ ဆရာတော်များ၊ ယဉ်ကျေးမှုနည်းပြ ဆရာတော်များ၊ အဘိဓာန်ကျမ်းပြု ဆရာတော်များ၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်နှင့်မန္တလေး)တို့မှ သံဃာတော်များ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ရှိ ပြည်တွင်းပြည်ပမှ သံဃာတော်များ၊ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်မှ သံဃာတော်များ၊ မဟာသန္တိသုခ သာသနာပြုကျောင်းတော်မှ သံဃာတော်များ၊ မြန်မာနိုင်ငံရှိ မဟာယာန ဘုန်းတော်ကြီးများ၊ သာသနာ့နွယ်ဝင် သီလရှင်စာသင်တိုက်များမှ ပဓာနနာယက သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး ပြည်ပနိုင်ငံများဖြစ်ကြသည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့မှ သံဃရာဇာ ဆရာတော်များ၊ အိန္ဒိယနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ဩစတြေးလျနိုင်ငံ၊ ဂျာမနီနိုင်ငံ၊ ကနေဒါနိုင်ငံ၊ အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်နိုင်ငံ၊ ချက်သမ္မတနိုင်ငံ၊ ရိုမေးနီးယားနိုင်ငံ၊ မက္ကဆီကိုနိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ ဆွစ်ဇာလန်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ နီပေါနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ဆွီဒင်နိုင်ငံ၊ဂျမေကာနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ ဆရာတော်များကြွရောက်တော်မူကြသည်။

**တက်ရောက်ကြည်ညို**

ထို့အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ဇနီးဒေါ်မြမြစန်း၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘောင်ညံဗိုရာချစ်၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီးဒေါ်ခင်ခင်ဝင်း၊ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Lu Lay Sreng၊ လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆွန်ဆာဗက်လင်ဆာဗတ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်နှင့် ၎င်းတို့၏ဇနီးများ၊ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ ဆူရာကီရတ်ဆတ်သီရာထိုင်း၊ နီပေါနိုင်ငံ ယဉ်ကျေးမှုခရီးသွားနှင့် လေကြောင်းဝန်ကြီးဌာန ဝန်ကြီး Minister for Culture,°°Tourism and Civil Aviation, H.E. Mr.Deep Kumar Upadhayaya၊ ကမ္ဘောဒီးယားနိုင်ငံ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Khun Haing၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်မှ ဒုတိယဝန်ကြီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံး အသီးသီးမှ သံအမတ်ကြီးများ၊သံရုံးယာယီ တာဝန်ခံများ၊ သံတမန်များ၊ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး ကျင်းပရေးဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များ၊ဆပ်ကော်မတီဝင်များ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ သာသနာ့နုဂ္ဂဟ ဘွဲ့ရ လူပုဂ္ဂိုလ်များ၊ မဟာယာန လူပုဂ္ဂိုလ်များ၊ ပြည်တွင်းပြည်ပမှ သတင်းစာဆရာများ၊ ရန်ကုန်မြို့ရှိ စေတီတော်များမှ ဂေါပကအဖွဲ့ဝင်များ၊ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် ရန်ကုန်တောင်ပိုင်းခရိုင်တို့မှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါးအသင်းဝင်များ၊ နိုင်ငံပေါင်း ၃၆ နိုင်ငံမှ အထက်တန်း ကမ္ဘာ့ဗုဒ္ဓဘာသာ သုတေသီ ပညာရှင်များ၊ ဗုဒ္ဓဘာသာဂိုဏ်းအသီးသီးမှ ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး၏ ကိုယ်စားလှယ်များ၊ လေ့လာသူများ တက်ရောက်ကြည်ညိုကြသည်။

**လက်အုပ်ချီမိုးဖူးမြော်**

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးဖွင့်ပွဲ မင်္ဂလာအခမ်းအနား မစတင်မီ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အောင်မြေဘုံစံကျောင်း ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ၊ အကျိုးတော်ဆောင် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ၏ ဒုတိယအဓိပတိ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ၊ တွဲဖက်အကျိုးတော်ဆောင် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ညောင်တုန်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဩဘာသာဘိဝံသ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဒေါက်တာ အရှင်သီလာနန္ဒာဘိဝံသ (D.Litt)၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဩဝါဒါစရိယ ဂုဏ်ထူးဆောင်ပါမောက္ခ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာအရှင်ဉာဏိဿရတို့ဦးဆောင်လျက် ဩစတြေးလျ၊ ဘင်္ဂလားဒေ့ရှ်၊ လာအို၊ ကမ္ဘောဒီးယား၊ ထိုင်း၊ သီရိလင်္ကာ၊ ဂျပန်၊ ကိုရီးယား၊ ရိုမေးနီးယား၊ အိန္ဒိယ၊ ချက်သမ္မတနိုင်ငံ၊ ဗြိတိန်၊ အမေရိကန်နှင့်ဂျာမနီနိုင်ငံများမှ ဆရာတော် အရှင်သူမြတ် ၁၈ပါးတို့အား အခမ်းအနားဖြင့် ပင့်ဆောင်ကြရာတွင် ရှေ့ဆုံးမှ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးထွန်းလှက

*စာမျက်နှာ ၁၁ ကော်လံ ၁ သို့*



**ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး ဖွင့်ပွဲမင်္ဂလာအခမ်းအနားတွင် ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးအပြင်ဘက်ပတ်လည်ရှိ ခေါင်းလောင်း ၁၀၈လုံးကို တစ်ပြိုင်နက်တည်း ကိုးကြိမ်ထိုး၍ ပူဇော်ကြစဉ်။** (သတင်းစဉ်)







**ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ကျင်းပသည့် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး ဖွင့်ပွဲမင်္ဂလာအခမ်းအနားတွင် ပြည်ပနိုင်ငံများမှ တက်ရောက်လာကြသော ဗုဒ္ဓဘာသာဝင် ဒါယကာ ဒါယိကာမများအား တွေ့ရစဉ်။** (သတင်းစဉ်)

***စာမျက်နှာ ၁၀ မှ***

အောင်သပြေစိုက် ပန်းဖလားကိုပိုက်၍ လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးတင်အောင်ထွန်းက ကွမ်းတောင်ကို ကိုင်ဆောင်၍ လည်းကောင်း၊ ဒုတိယ ညွှန်ကြားရေးမှူး ဦးထွန်းရွှေက ပန်းကလပ်ကိုကိုင်ဆောင်၍လည်းကောင်း ဆဋ္ဌသင်္ဂါယနာမဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၏ တောင်ဘက်အဝင်မှ မင်္ဂလာနတ်လမ်းအတိုင်း ပင့်ဆောင်လာရာ ယဉ်ကျေးမှုဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းအဖွဲ့က မင်္ဂလာဧရေကင်းသံကို တီးခတ်ပူဇော်ပြီး ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏ လိုဏ်ဂူ သိမ်တော်ကြီးအတွင်း၌ နေရာယူထားကြသော ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး ဖွင့်ပွဲမင်္ဂလာအခမ်းအနားသို့ တက်ရောက်လာကြသည့် ပုဂ္ဂိုလ်အပေါင်းတို့က လက်အုပ်ချီမိုး၍ ဖူးမြော်ကြည်ညို ကြိုဆိုကြသည်။

ထို့နောက် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး ဖွင့်ပွဲမင်္ဂလာ အခမ်းအနားကို နံနက် ၈ နာရီတွင် စတင်ကျင်းပရာ အခမ်းအနားမှူးများအဖြစ် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဦးစီးအရာရှိ

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ မအိအိချွန်က ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ တီးခတ်သည့် ရိုးရာမြန်မာ့စောင်း ကိုးလက်ဖြင့် တွဲဖက်ကာ "ထူးမခြားနား" သီချင်းခန့်ကို သီဆိုပူဇော်သည်။

ဆက်လက်၍ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး အပြင်ဘက်ပတ်လည်ရှိ ခေါင်းလောင်း ၁၀၈ လုံးကို တစ်ပြိုင်နက်တည်း ကိုးကြိမ်ထိုး၍ ပူဇော်သည်။

**ထွန်းညှိပူဇော်**

ယင်းနောက် ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး အတွင်း စင်မြင့်ပေါ်ရှိ ပလ္လင်တော်၌ သီတင်းသုံး စံပယ်တော်မူလျက်ရှိသော ကျောက်စိမ်း ဗုဒ္ဓရုပ်ပွားတော်အား နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တကုမာရနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ သံဃရာဇာဆရာတော် Most. Ven Dr.Phra.Maha

က ကောင်းချီးမင်္ဂလာစကားမြွက်ကြားတော်မူပြီး တက်ရောက်လာကြသော ပုဂ္ဂိုလ်အပေါင်းတို့က သာဓုသုံးကြိမ်ခေါ်ဆိုကြသည်။

**(လာအိုသံဃရာဇာဆရာတော်၏ ကောင်းချီးမင်္ဂလာစကားကို သီးခြား ဖော်ပြထားပါသည်။)**

ဆက်လက်၍ ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီး ညီလာခံကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက နှုတ်ခွန်းဆက်အဖွင့်မိန့်ခွန်း ပြောကြားပြီး တက်ရောက်လာကြသော ပုဂ္ဂိုလ်အပေါင်းတို့က သာဓု သုံးကြိမ်ခေါ်ဆိုကြသည်။

**(နိုင်ငံတော်ဝန်ကြီးချုပ်၏ နှုတ်ခွန်းဆက် အဖွင့်မိန့်ခွန်းကို သီးခြား ဖော်ပြထားပါသည်။)**

**သာဓုသုံးကြိမ်ခေါ်ဆို**

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးထံမှပေးပို့သော ဩဝါဒကထာကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဇဟိုအဖွဲ့ဥက္ကဋ္ဌ ညောင်တုန်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဩဘာသာဘိဝံသက ဖတ်ကြားတော်မူပြီး တက်ရောက်လာကြသော ပုဂ္ဂိုလ်အပေါင်းတို့က သာဓုသုံးကြိမ်ခေါ်ဆိုကြသည်။

**ဗုဒ္ဓအမွေအနှစ်ဓာတ်ပုံပြပွဲ (မြန်မာ–အိန္ဒိယ)ဖွင့်ပွဲအခမ်းအနားတွင် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့်ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး** H.E. Mr. Rajiv Kumar Bhatia **တို့က ဓာတ်ပုံပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။** (သတင်းစဉ်)



တာဝန်ခံ ဦးဝင်းအောင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွင့်ရှိတို့က ဆောင်ရွက်ကြသည်။

**အခမ်းအနားဖွင့်လှစ်**

ရှေးဦးစွာ ကြွရောက်တော်မူလာကြသော ဆရာတော် သံဃာတော် အရှင်သူမြတ်များနှင့် တက်ရောက်လာကြသော ပုဂ္ဂိုလ်အပေါင်းတို့က နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။

ယင်းနောက် ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး အတွင်းရှိ သံဃာတော်စင်မြင့်ပေါ်၌ သီတင်းသုံးတော်မူလျက် ရှိကြသော ပြည်ထောင်စု မြန်မာနိုင်ငံတော်မှ ကြွရောက်တော်မူလာကြသည့် ဆရာတော် သံဃာတော် အရှင်သူမြတ်များနှင့် ပြည်ပနိုင်ငံများမှ ကြွရောက်တော်မူလာကြသော ဆရာတော် သံဃာတော် အရှင်သူမြတ်များက သရဏဂုံသုံးပါးကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

Vichit Singharaj တို့က ဖယောင်းတိုင် ဆီမီးများ ထွန်းညှိပူဇော်ကြသည်။

ဆက်လက်၍ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး တောင်ဘက်အဝင် မင်္ဂလာလမ်း လက်ဝဲဘက်ရှိ ခေါင်းလောင်းတော်ကြီးကို ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီး ညီလာခံကြီး အထိမ်းအမှတ်အဖြစ် ကိုးကြိမ်ထိုး၍ ပူဇော်သည်။

ယင်းနောက် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးဖွင့်ပွဲ မင်္ဂလာ အခမ်းအနားသို့ ကြွရောက်တော်မူလာကြသော ထေရဝါဒဗုဒ္ဓဘာသာ နိုင်ငံများမှ ဆရာတော် သံဃာတော် အရှင်သူမြတ်များက မေတ္တာသုတ်ပရိတ်တရားတော်ကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြပြီး တက်ရောက်လာကြသော ပုဂ္ဂိုလ်အပေါင်းတို့က သာဓုသုံးကြိမ်ခေါ်ဆိုကြသည်။

ထို့နောက် ကြွရောက်တော်မူလာကြသော ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံများမှ ဆရာတော် သံဃာတော် အရှင်သူမြတ်များကိုယ်စား လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ သံဃရာဇာဆရာတော် Most. Ven Dr. Phra Maha Vichit Singharaj

**(ဥက္ကဋ္ဌဆရာတော်ကြီး၏ ဩဝါဒကထာကို သီးခြား ဖော်ပြထားပါသည်။)**

**သဝဏ်လွှာဖတ်ကြား**

ဆက်လက်၍ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော ဂုဏ်ပြုသဝဏ်လွှာကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်က ဖတ်ကြားသည်။

**(ဗိုလ်ချုပ်မှူးကြီးထံမှ ပေးပို့သော ဂုဏ်ပြုသဝဏ်လွှာကို သီးခြားဖော်ပြထားပါသည်။)**

ယင်းနောက် ပြည်ပနိုင်ငံများမှ သမ္မတများနှင့် ဝန်ကြီးချုပ်များထံမှ ပေးပို့သောသဝဏ်လွှာများကို ဖတ်ကြားရာတွင် ရှေးဦးစွာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ပါမောက္ခ ဒေါက်တာ အီယာကျူဒင်အာမက်ထံမှ ပေးပို့သောသဝဏ်လွှာကို ကိုယ်စားလှယ်တစ်ဦးကလည်းကောင်း၊ အိန္ဒိယ သမ္မတနိုင်ငံ သမ္မတ ဒေါက်တာ

အေ၊ပီ၊ဂျေ အဗ္ဗဒူကလမ်ထံမှ ပေးပို့သော သဝဏ်လွှာကို ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယ သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Rajiv Kumar Bhatia က လည်းကောင်း ဖတ်ကြားကြသည်။

ဆက်လက်၍ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်က နှုတ်ခွန်းဆက်မိန့်ခွန်းပြောကြားသည်။

ထို့နောက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘောင်ညံဗိုရာချစ်က နှုတ်ခွန်းဆက်မိန့်ခွန်း ပြောကြားသည်။

ဆက်လက်၍ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်ထံမှပေးပို့သောသဝဏ်လွှာကို ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Lu Lay Sreng ကဖတ်ကြားသည်။

ယင်းနောက် သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မဒမ်ချန်ဒရီကာဘန်ဒရာနိုက်ကေးကုမာရာတွန်ဂါထံမှ ပေးပို့သော သဝဏ်လွှာကို ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. D.M.M. Ranaraja က လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘီဂမ် ခါလီဒါဇီယာထံမှ ပေးပို့သော သဝဏ်လွှာကို ကိုယ်စားလှယ်တစ်ဦးကလည်းကောင်း၊ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဖန်ဗန်ခိုင်ထံမှ ပေးပို့သော သဝဏ်လွှာကို ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်

***စာမျက်နှာ ၁၂ ကော်လံ ၁ သို့***

**ဗုဒ္ဓအမွေအနှစ်ဓာတ်ပုံပြပွဲ (မြန်မာ–အိန္ဒိယ)ဖွင့်ပွဲအခမ်းအနားတွင် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်က ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး** H.E. Mr. Rajiv Kumar Bhatia **အား ပိဋကတ်သုံးပုံကျမ်းစာအုပ်များ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)



# မြန်မာပြည်မှာ သာတဲ့လ

**ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးသို့ ရည်ညွှန်းပူဇော်သည့်**
**(အချီအချည်း ပါဒညီ ခိုင်ညွတ်ခက်ဖြာ မင်္ဂလာ ပိုဒ်စုံရတု)**

**ဖန်ဝါနေအသွင်၊** မြတ်ဘုန်းရှင်၏၊ သန့်စင်သာသနာ၊ ထိန်လင်းပါသည်၊ သစ္စာလေးပါး၊ မြတ်တရားနှင့်
ရှစ်ပါးမဂ္ဂင်၊ ထင်ရှား မြင်အောင်၊ မြတ်ရှင်မိန့်မှတ်၊ လမ်းညွှန်အပ်၏၊ လူနတ်ပြဟ္မာ၊
သတ္တဝါတို့၊ ချမ်းသာစီးပွား၊ အကျိုးများဖို့၊ **"ဘုရားရတနာ၊ ပွင့်ထွန်းလာကြောင်း၊
တရားရတနာ၊ ပွင့်ထွန်းလာကြောင်း၊ သံဃာရတနာ၊ ပွင့်ထွန်းလာကြောင်း၊"**
ကမ္ဘာသူ ကမ္ဘာသား၊ လူအများတို့၊ လေးစားယုံကြည်၊ အေးရိပ်မှီခဲ့၊ သို့သည်အလင်း၊
ဆောင်နိုင်ခြင်းကား၊ မင်းမင်ခေါင်မြတ်၊ တရားနတ်၏၊ မပြတ်ညွှန်ပြ၊ မြတ်ဓမ္မနှင့်၊
သဒ္ဓမ္မသုံးဖြာ၊ ဒေသနာလျှင်၊ သစ္စာဝါဒ၊ မှန်ပေစွဟု၊ ယူဆယုံကြည်၊ အောင်ခြင်းမည်၏၊ ကြည်ညိုတုပ်ကွ၊ ပူဇော်ကြသည့်၊ ဗုဒ္ဓဘာသာ၊ ရတနာလျှင်၊
**ဖန်ဝါနေသို့ လျှမ်းပြီကို.....။**

**သံဃာထေရ်အရှင်၊** ရွှေရောင်လွှင်သည်၊ မြတ်ရှင်ဘုရား၊ တည်ခဲ့ထားသည့်၊ တရားဓမ္မစစ်၊ မနွမ်းညစ်ဘဲ၊
အသစ်ဖြည့်ခြင်း၊ နုတ်ပယ်ခြင်းတို့၊ ကင်းကွာရှဲစေ၊ ခိုင်မြဲစေလျက်၊ ထေရဝါဒ၊
သန့်စင်လှသည့်၊ ဗုဒ္ဓဘာသာ၊ တည်တံ့ပါအောင်၊ တာဝန်ဆောင်ထမ်း၊ မြတ်ရဟန်းတို့၊
ရွှင်လန်းကြည်သာ၊ အားထုတ်ရှာသည်၊ ပါရမီဖြည့်ဆည်း၊ မြော်မြင်ကြီးစွ၊
ဝိနည်းငါးကျမ်း၊ သုတ်သုံးကျမ်းနှင့်၊ ခုနစ်ကျမ်းအဘိဓမ္မာ၊ နက်နဲစွာကို၊
အာဂုံနှုတ်တက်၊ အရကျက်၍၊ မပျက်သိပ်သည်း၊ ဖြေဆိုနည်းဖြင့်၊ နှုတ်လည်းတစ်တန်၊ ရေးဖြေမှန်ကာ၊ တွေးကြံလေဘိ၊ အံ့ဖွယ်ပြည့်သား၊ **"တိပိဋကဓရ တိပိဋကကောဝိဒ၊ ဓမ္မဘဏ္ဍာဂါရိက၊"** ဘွဲ့မည်ရသည့်၊ သာသနာ့ဝတ်ရည်၊
အာဇာနည်တို့၊ လျှံကြည်သင်းဖြာ၊ ပေါ်ထွန်းလာသည်၊
**သံဃာထေရ်တို့ စွမ်းသည်ကို.....။**

**မြန်မာပြေ(ပြည်)တစ်ခွင်၊** ဘုန်းစည်ပင်သား၊ မြတ်ရှင်ဗုဒ္ဓ၊ ဟောညွှန်ပြသည့်၊ ဝါဒအယူ၊ တံခွန်လူသည်၊
ပြည်သူနှင့်မင်း၊ ပူဇော်ခြင်းဖြင့်၊ ဆောင်နှင်းကုသလ၊ ဆောက်တည်ကြလျက်၊
ဗုဒ္ဓမြတ်စွာ၊ သာသနာကို၊ ကမ္ဘာအရှည်၊ တည်ပါစေဟု၊ မွေသရီဓာတ်၊ စေတီမြတ်တို့၊
ကိန်းဝပ်စံနေ၊ အံ့လောက်ပေသော်၊ ရွှေရည်ဝင်းလျှံ၊ ရွှေနိုင်ငံတည့်၊ မြန်မာ
ပြည်လှ၊ ဤဌာနရှိ၊ သာသနာ့သမိုင်းဝင်၊ ဤရပ်ခွင်ဝယ်၊ ကျော်ထင်လင်းစွာ၊
ကျင်းပပါသည်၊ ဘာသာဗုဒ္ဓ၊ ယူဝါဒ၏၊ ကမ္ဘာ့ထိပ်သီး၊ ညီလာခံကြီးမှ၊
အံ့ချီးဖြာဖြာ၊ ဘုန်းသမ္ဘာကြောင့်၊ **"မြန်မာပြည်သူ၊သီတဂူသို့ ကမ္ဘာပြည်သူ၊သီတဂူသို့"**
ကြည်ဖြူမြေ့ချမ်း၊ အေးရိပ်လွှမ်းလိမ့်၊ လစန်းရောင်လျှံ၊ တုလွှတ်စံသည်၊
**မြန်မာမြေမို့ လန်းပြီကို.....။** ။

**မြင်းမူမောင်နိုင်မိုး**

**စာမျက်နှာ ၁၁ မှ**

ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Pham Quang Khon ကလည်းကောင်း၊ နီပေါနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရှားဗဟာဒူးဒူပါထံမှ ပေးပို့သော သဝဏ်လွှာကို နီပေါနိုင်ငံ ယဉ်ကျေးမှု၊ ခရီးသွားနှင့် လေကြောင်းဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Deep Kumar Upadhayaya ကလည်းကောင်း ဖတ်ကြားကြသည်။

**(သမ္မတများနှင့် ဝန်ကြီးချုပ်များထံမှ ပေးပို့သော သဝဏ်လွှာများကို သီးခြား ဖော်ပြထားပါသည်။)**

## မူဝါဒဆိုင်ရာမိန့်ခွန်းမြွက်ကြား

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကိုယ်စား သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဩဝါဒါစရိယ ဂုဏ်ထူးဆောင် ပါမောက္ခ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ ဒေါက်တာ အရှင်ဉာဏိဿရက မူဝါဒဆိုင်ရာမိန့်ခွန်း (Keynote Speech) ကို မြွက်ကြားတော်မူသည်။

**(ဒေါက်တာအရှင်ဉာဏိဿရ၏ မူဝါဒဆိုင်ရာ မိန့်ခွန်းကို သီးခြား ဖော်ပြထားပါသည်။)**

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အတူ နံနက် ၁၀နာရီ မိနစ်၂၀ တွင် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး ဖွင့်ပွဲမင်္ဂလာအခမ်းအနား ကျင်းပလျက်ရှိသည့် ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးသို့ ရောက်ရှိလာရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်တို့က ကြိုဆိုကြသည်။

## ဗုဒ္ဓရုပ်ပွားတော်လှူဒါန်း

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ



**ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး ဖွင့်ပွဲမင်္ဂလာအခမ်းအနားတွင် ကြွရောက်တော်မူလာကြသော ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံများမှ ဆရာတော် သံဃာတော်အရှင်သူမြတ်များကိုယ်စား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ သံဃရာဇာဆရာတော် Most. Ven Dr.Phra Maha Vichit Singharajက ကောင်းချီးမင်္ဂလာစကားမြွက်ကြားတော်မူစဉ်။** (သတင်းစဉ်)

ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးအတွင်းရှိ သံဃာတော် စင်မြင့်ထက်၌ သီတင်းသုံးတော်မူလျက်ရှိကြသည့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အောင်မြေဘုံစံကျောင်း ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ပညိန္ဒာဘိဝံသအမှူးပြုသော ဆရာတော်ကြီးများနှင့် ပြည်ပနိုင်ငံ ၁၈နိုင်ငံမှ ကြွရောက်တော်မူလာကြသော ထေရဝါဒနှင့် မဟာယာန ဗုဒ္ဓဘာသာ ခေါင်းဆောင်ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကန်တော့ပြီး ဗုဒ္ဓရုပ်ပွားတော်တစ်ဆူစီ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်ပနိုင်ငံများမှ တက်ရောက်လာကြသော ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးချုပ်များနှင့် ဝန်ကြီးများအား ခင်မင်ရင်းနှီးစွာနှုတ်ဆက်သည်။

## ပြန်လည်ထွက်ခွာ

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးတို့သည် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး ဖွင့်ပွဲမင်္ဂလာအခမ်းအနားကျင်းပလျက်ရှိသည့် ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးမှ နံနက် ၁၀ နာရီခွဲတွင် ပြန်လည်ထွက်ခွာသွားကြသည်။

## ဆက်ကပ်လှူဒါန်း

ထို့နောက် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးဖွင့်ပွဲ မင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက ဆဋ္ဌသင်္ဂါယနာမဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး အတွင်း လက်ဝဲဘက်ရှိ သံဃာတော် စင်မြင့်ပေါ်၌ သီတင်းသုံးတော်မူလျက်ရှိသည့် ဆွီဒင်နိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ နီပေါနိုင်ငံ၊ ဆွစ်ဇာလန်နိုင်ငံ၊ အမေရိကန်ပြည်ထောင်စု၊ စင်ကာပူနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံများမှ ကြွရောက်တော်မူလာကြသော ဗုဒ္ဓဘာသာကိုယ်စားလှယ်ဆရာတော် သံဃာတော်အရှင်သူမြတ်ရှစ်ပါးတို့အား ဗုဒ္ဓရုပ်ပွားတော်တစ်ဆူစီ ဆက်ကပ်လှူဒါန်းသည်။

## ဂုဏ်ပြုမှတ်တမ်းလွှာပေး

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးတွင် အသုံးပြုရန် မော်တော်ယာဉ် ၃၄စီး လှူဒါန်းခဲ့သော ဂျပန်နိုင်ငံရှိ မြန်မာစီးပွားရေးလုပ်ငန်းဆိုင်ရာအသင်း ဥက္ကဋ္ဌ မစ္စတာ နာကာဂျီးမားယာဆူယိုရှိအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးအတွင်းဘက်လက်ယာဘက်ရှိ သံဃာတော်စင်မြင့်ပေါ်၌ သီတင်းသုံးတော်မူလျက်ရှိသည့် ဂျာမနီနိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဂျမေကာနိုင်ငံ၊ ဂျပန်နိုင်ငံ၊ မက္ကဆီကိုနိုင်ငံ၊ သီရိလင်္ကာနိုင်ငံနှင့်ဗီယက်နမ်နိုင်ငံများမှ ကြွရောက်တော်မူလာကြသော ဗုဒ္ဓဘာသာ ကိုယ်စားလှယ်ဆရာတော် သံဃာတော်အရှင်သူမြတ် ရှစ်ပါးတို့အား ဗုဒ္ဓရုပ်ပွားတော်တစ်ဆူစီ ဆက်ကပ်လှူဒါန်းသည်။

## အောင်မြင်စွာကျင်းပပြီးစီး

ယင်းနောက် ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး အလယ်သံဃာတော်စင်မြင့်ပေါ်၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အောင်မြေဘုံစံကျောင်း ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ပညိန္ဒာဘိဝံသအမှူးပြုသော ဆရာတော် သံဃာတော် အရှင်သူမြတ်များ၊ ပြည်ပနိုင်ငံများမှ ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများသည် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ အစည်းအဝေးသို့တက်ရောက်လာကြသော ပြည်ပနိုင်ငံများမှ ပုဂ္ဂိုလ်များ၊ ဗုဒ္ဓဘာသာခေါင်းဆောင်များ၊ သံတမန်များ၊ ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ ကျင်းပရေးဦးစီးကော်မတီဝင်များနှင့် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး ဖွင့်ပွဲမင်္ဂလာအခမ်းအနား နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

## ဓာတ်ပုံပြပွဲဖွင့်လှစ်

ထို့နောက် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယ မင်္ဂလာ ဓမ္မသဘင်၌ ခင်းကျင်းပြသမည့် ဗုဒ္ဓအမွေအနှစ်ဓာတ်ပုံပြပွဲ (မြန်မာ-အိန္ဒိယ) ဖွင့်ပွဲအခမ်းအနားကို နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် အဆိုပါ ဝိဇယ မင်္ဂလာဓမ္မသဘင်၌ ကျင်းပရာ ကမ္ဘာ့ ဗုဒ္ဓဘာသာထိပ်သီး ညီလာခံ ကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယ သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Rajiv Kumar Bhatia တို့က ဓာတ်ပုံပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးအား ပိဋကတ်သုံးပုံကျမ်းစာအုပ်များကို ပေးအပ်လှူဒါန်းသည်။

## ကျေးဇူးတင်စကားပြောကြား

ယင်းနောက် ဝန်ကြီးဗိုလ်မှူးချုပ် သူရမြင့်မောင်နှင့် အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Rajiv Kumar Bhatia တို့က ဗုဒ္ဓအမွေအနှစ် ဓာတ်ပုံပြပွဲ (မြန်မာ-အိန္ဒိယ) ဖွင့်လှစ်ပြသနိုင်ခြင်းအတွက် ဝမ်းမြောက်ကျေးဇူးတင်စကား ပြောကြားကြသည်။

## လှည့်လည်ကြည်ညို

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ဧည့်သည်တော်များသည် ပြပွဲ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်က ခင်းကျင်းပြသထားသည့် ဗုဒ္ဓအမွေအနှစ်ဓာတ်ပုံ ၉၂ပုံ၊ ပန်းချီကား ၁၇ ကားနှင့် အိန္ဒိယသမ္မတနိုင်ငံက ခင်းကျင်းပြသထားသည့် ဗုဒ္ဓအမွေအနှစ် ဓာတ်ပုံ ၈၂ ပုံတို့ကို လှည့်လည်ကြည့်ရှုကြည်ညိုကြသည်။

**(သတင်းစဉ်)**



**ဒီဇင်ဘာ ၉ရက်က ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသို့ တက်ရောက်လာကြသော ပြည်ပနိုင်ငံများမှ ဆရာတော် သံဃာတော်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ ဆဋ္ဌသင်္ဂါယနာမဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး ပတ်လည် ပရိဝုဏ်၌ ဗောဓိညောင်ပင်များ စိုက်ပျိုးကြစဉ်။ (သတင်း-၁၄)** (သတင်းစဉ်)

---

# အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့-

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

---

# ညီလာခံကြီး ဆတက်ထမ်းပိုးတိုးတက်အောင်မြင်စေကြောင်း ဗီယက်နမ်အစိုးရအဖွဲ့ကိုယ်စား ဆုမွန်ကောင်းတောင်း



**ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်ထံမှ ပေးပို့သောဂုဏ်ပြုသဝဏ်လွှာကို ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Pham Quang Khon ˚က ဖတ်ကြားစဉ်။** (သတင်းစဉ်)

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသို့
ပေးပို့သော
ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ
ဝန်ကြီးချုပ်၏ ဂုဏ်ပြုသဝဏ်လွှာ-

**ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ**
**ရန်ကုန်၊ မြန်မာ**

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကျင်းပသည့် အခမ်းအနားတွင် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ အစိုးရအဖွဲ့ကိုယ်စား ကျွန်ုပ်အနေဖြင့် လှိုက်လှဲစွာ ဂုဏ်ယူပါကြောင်းနှင့် ညီလာခံကြီး ဆတက်ထမ်းပိုးတိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဖန်ဗန်ခိုင်**
**ဝန်ကြီးချုပ်**
**ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ။**

---

# အာဆီယံတိုက်ဂါးဖလား ဘောလုံးပြိုင်ပွဲအနိုင်အရှုံး

**ရန်ကုန် ဒီဇင်ဘာ ၉**

| | | |
|---|---|---|
| ဗီယက်နမ် | - | **ကိုးဂိုး။** |
| ကမ္ဘောဒီးယား | - | **တစ်ဂိုး။** |
| အင်ဒိုနီးရှား | - | **ဂိုးမရှိ။** |
| စင်ကာပူ | - | **ဂိုးမရှိ။** |

## ယနေ့ပွဲ

မြန်မာနှင့်ထိုင်း၊
မလေးရှားနှင့်ဖိလစ်ပိုင်။
**(မြန်မာ့အလင်း)**

# ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရ၍ ဝမ်းမြောက်ဂုဏ်ယူ
# သာသနာသမိုင်းတစ်လျှောက် အရေးအပါဆုံးနှင့် ဂုဏ်သရေအကြီးမားဆုံး ညီလာခံကြီးဖြစ်
# ညီလာခံကြီးကျင်းပရေး မြန်မာနိုင်ငံက အချိန်၊ လုပ်အားနှင့်ငွေကြေးစိုက်ထုတ်ပြီး နှစ်နှစ်ကြာကြိုတင်ပြင်ဆင်ခဲ့

**သာသနာပိုင်များ၊ မထေရ်မြတ်များ ဂုဏ်သရေရှိ ဧည့်သည်တော်များ၊ ဓမ္မမိတ်ဆွေ သူတော်စင်များ၊ ဒါယကာ ဒါယိကာမများ၊နိုင်ငံပေါင်းများစွာက ဗုဒ္ဓဘာသာခေါင်းဆောင်ကြီးများ**

မင်္ဂလာအပေါင်းနဲ့ ခညောင်းပါစေလို့ ရှေးဦးစွာ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ဒီအရေးပါလှတဲ့ အခါသမယမှာ ဓမ္မမိန့်ခွန်း ပြောကြားခွင့်ရတဲ့အတွက် အလွန်ဂုဏ်ယူမိပါတယ်။

ရွှေရောင်လွှမ်းတဲ့ မိမိတို့ မြန်မာ့မြေပေါ်က ကြိုဆို နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရွှေရောင်စေတီပုထိုးများ၊ရွှေရောင်လယ်ကွင်းများနဲ့ ရွှေရောင်တရားဓမ္မတို့ကြောင့် ဒီနိုင်ငံကို ရွှေနိုင်ငံလို့ မိမိတို့တင်စားခေါ်ဆိုကြပါတယ်။ ဩဇာကြီးမား ညီညွတ်တဲ့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ရဲ့ ဦးဆောင်မှုနဲ့ ရဟန်းသံဃာတော် ငါးသိန်းသီတင်းသုံးနေထိုင်ပြီး ထေရဝါဒ ဗုဒ္ဓသာသနာ စည်ပင်ထွန်းကားနေတဲ့ မိမိတို့ရဲ့ နိုင်ငံတော်မှာ ဒီကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကို အစစအရာရာ တာဝန်ယူပြီး အိမ်ရှင်နိုင်ငံအဖြစ်လက်ခံ ကျင်းပခွင့်ရတဲ့အတွက် မိမိတို့အလွန် ဝမ်းမြောက်ဂုဏ်ယူပါတယ်။ ပြည်တွင်းမှာရော နိုင်ငံတကာမှာပါ ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားစေဖို့အတွက် မိမိတို့ နိုင်ငံတော် အစိုးရ၊ တိုင်းသူပြည်သားများနဲ့ သံဃာ့အဖွဲ့အစည်းများက တစ်စိတ်တစ်ဝမ်းတည်း ရှိကြပါတယ်။

ဒီကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးဟာ သာသနာသမိုင်းတစ်လျှောက်မှာ အရေးအပါဆုံးနဲ့ ဂုဏ်သရေ အကြီးမားဆုံး ညီလာခံကြီးဖြစ်ပါတယ်။ ဒီညီလာခံကြီးကျင်းပရေးအတွက် မြန်မာနိုင်ငံတော်အစိုးရက အချိန်၊ လုပ်အားနှင့် ငွေကြေးများ အမြောက်အမြား ရင်းနှီးစိုက်ထုတ်ပြီး နှစ်နှစ်ကြာ ကြိုတင်ပြင်ဆင်ခဲ့ကြပါတယ်။ ဒီကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကို နိုင်ငံတော် အခမ်းအနား တစ်ရပ်အနေနဲ့ ကျင်းပအောင်မြင်နိုင်စေဖို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ဟာ ဆွေးနွေးညှိနှိုင်းပွဲတွေကို အကြိမ်ကြိမ်လုပ်ခဲ့ရပါတယ်။ ကမ္ဘာ့တစ်ဝန်းလုံးက မဟာယာနနှင့် ထေရဝါဒဗုဒ္ဓဘာသာဝင်တို့ကလည်း ဒီကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး အောင်အောင်မြင်မြင် ကျင်းပနိုင်ရေးအတွက် အားပေးခဲ့ကြပြီး ညီလာခံတက်ရောက်လိုတဲ့ ၎င်းတို့ရဲ့ဆန္ဒကို ဖော်ထုတ်ခဲ့ကြပါတယ်။ နေရာအခက်အခဲကြောင့် လိုဏ်ဂူတော်ကြီးအတွင်း ဝင်ပြီး တက်ရောက်ခွင့်မရသူတွေကို မြန်မာနိုင်ငံတော်ရဲ့ ညီလာခံကျင်းပရေးကော်မတီကိုယ်စား တောင်းပန်အပ်ပါတယ်။ အသွင်သဏ္ဌာန်အားဖြင့် ဒီကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးဟာ ဗုဒ္ဓဘုရားရှင်ရဲ့ တရားဒေသနာတော်များ သန့်ရှင်းစင်ကြယ်ရေး၊ တည်တံ့ခိုင်မြဲရေးနဲ့ ထွန်းကားပြန့်ပွားရေးတို့ရဲ့ အချက်အချာဖြစ်တဲ့ မြန်မာနိုင်ငံမှာ သတ္တမသင်္ဂါယနာ တင်နေသလိုဖြစ်နေတယ်ဆိုရင် ပိုတယ်မထင်ပါ။

ဒီညီလာခံကြီးကျင်းပရာနေရာနဲ့ ပတ်သက်တဲ့ ထူးခြားဝမ်းမြောက်ဖွယ် တိုက်ဆိုင်မှုတစ်ရပ်အကြောင်း ပြောပြလိုပါတယ်။ ဒီမဟာပါသာဏလိုဏ်ဂူတော်ကြီးဟာ ဗုဒ္ဓသာသနာသမိုင်းမှာ သမိုင်းကြောင်းအရရော သာသနာရေးဆိုင်ရာအရပါ အရေးပါထူးခြားပါတယ်။ ၁၉၅၄ခုနှစ်မှာ ထေရဝါဒနိုင်ငံတွေဖြစ်တဲ့ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ သီရိလင်္ကာနှင့် ယိုးဒယားနိုင်ငံတို့ကရဟန်းတော်တွေ ဒီလိုဏ်ဂူကြီးအတွင်းမှာစုဝေးပြီး ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးကို ကျင်းပခဲ့ကြပါတယ်။ ၁၉၅၆ခုနှစ်မှာတော့ ထေရဝါဒနိုင်ငံများသာမက မဟာယာနနိုင်ငံတွေပါ စုပေါင်းပြီး သာသနာ ၂၅၀၀ ပြည့် ဗုဒ္ဓဇယန္တိပွဲတော်ကြီးကို ကျင်းပခဲ့ဖူးပါတယ်။ ထေရဝါဒနိုင်ငံတွေက သာသနာပိုင်ဆရာတော်ကြီးများ၊ နိုင်ငံခေါင်းဆောင်များနှင့် ဝန်ကြီးချုပ်များက ပေးပို့တဲ့ ဂုဏ်ပြုဆုတောင်းသဝဏ်လွှာများကို ဒီလိုဏ်ဂူကြီးထဲမှာပဲ ဖတ်ကြားခဲ့ကြပါတယ်။ ဒါ့အပြင် ဂျပန်နိုင်ငံအပါအဝင် မဟာယာန ၁၀ နိုင်ငံကလဲ အဲဒီ အခမ်းအနားကြီးမှာ ပါဝင်ဆင်နွှဲခဲ့ကြပါတယ်။ ဒီနေ့ ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး ကျင်းပခဲ့ချိန်မှ နှစ်ပေါင်း ၅၀ အကြာမှာ နိုင်ငံပေါင်း ၃၇ နိုင်ငံမှ ထေရဝါဒနှင့် မဟာယာန ဗုဒ္ဓဘာသာခေါင်းဆောင်တွေ ဒီလိုဏ်ဂူတော်ကြီးမှာပဲ စုဝေးပြီး ညီညွတ်ရေး၊ ပူးပေါင်း ဆောင်ရွက်ရေးနဲ့ သာသနာတော် ထွန်းကားပြန့်ပွားရေးတို့အတွက် ဆွေးနွေးကြတာဖြစ်ပါတယ်။

ဗုဒ္ဓဘာသာ ခေါင်းဆောင်တွေ မကြာခဏတွေ့ဆုံဆွေးနွေးကြတာက (မြတ်ဗုဒ္ဓရဲ့) တရားဒေသနာတော်တွေ ထွန်းကားပြန့်ပွားဖို့အတွက်အထောက်အကူဖြစ်စေမယ်လို့ မြတ်ဗုဒ္ဓ ကိုယ်တော်တိုင်ဟောကြားခဲ့ပါတယ်။ မှန်မှန်တွေ့ဆုံဆွေးနွေးကြဖို့ မြတ်ဗုဒ္ဓ ဆုံးမလမ်းညွှန်တော်မူခဲ့တဲ့အတိုင်း ဗုဒ္ဓဝါဒရဲ့အဓိကဝါဒကွဲများဖြစ်တဲ့ ထေရဝါဒ၊ မဟာယာနနဲ့ တိဗက်ဗုဒ္ဓဘာသာဂိုဏ်းဝင်တို့ဟာ အခု ဒီဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးမှာ တွေ့ဆုံပြီး စည်းလုံးညီညွတ်ရေးနဲ့(သာသနာတော်)ပြန့်ပွားရေးဆိုင်ရာတွေကို ဆွေးနွေးကြမှာဖြစ်ပါတယ်။

အင်အားကြီးသူက အင်အားငယ်သူကိုလွှမ်းမိုးအုပ်ချုပ်နေပြီး ချမ်းသာသူတွေက ဆင်းရဲဒုက္ခရောက်နေသူများနဲ့ မိမိတို့ရဲ့စည်းစိမ်ဥစ္စာတွေကို မျှဝေခံစားဖို့ ဝန်လေးနေတဲ့ တည်ငြိမ်မှုကင်းမဲ့နေတဲ့ ကမ္ဘာလောကကြီးမှာ ဗုဒ္ဓဘုရားရှင်ဟောကြားခဲ့တဲ့ သည်းခံရေးနှင့် မေတ္တာကရုဏာထားရေးဆိုတဲ့ တရားတော်တွေ ပျံ့နှံ့စေဖို့ ဒီဗုဒ္ဓဘာသာထိပ်သီး ညီလာခံတွေက စွမ်းဆောင်နိုင်လိမ့်မယ်ဆိုတာ သံသယဖြစ်စရာမရှိပါ။ ညီလာခံရဲ့ဆောင်ပုဒ်ဖြစ်တဲ့ ကိုယ်စိတ်နှစ်ရပ်ညီညွတ်ခြင်းနှင့် အတူတကွ လက်တွဲလုပ်ကိုင်ဆောင်ရွက်ခြင်း၊ သစ္စာနှင့် မေတ္တာတရားထားရှိခြင်းဆိုတဲ့ ဘုရားရှင်ရဲ့ အဆုံးအမတော်ကလဲ အကြမ်းဖက်မှုတွေ၊ နိုင်ငံရေးတင်းမာမှုတွေ ပဋိပက္ခတွေ၊ စစ်ပွဲတွေနဲ့ သေခြင်းတရားတို့ ပြည့်နှက်နေတဲ့ ဒေသတွေကို ရောက်ရှိရိုက်ခတ်စေနိုင်ပြီး အစွဲအလမ်းကြီးခြင်းနှင့် အယူသန်ခြင်းတို့ဟာ ငြင်းခုံ



**ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး ဖွင့်ပွဲမင်္ဂလာ အခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကိုယ်စား သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဩဝါဒါစရိယ ဂုဏ်ထူးဆောင်ပါမောက္ခ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာ အရှင်ဉာဏိဿရက မူဝါဒဆိုင်ရာ မိန့်ခွန်း မြွက်ကြားတော်မူစဉ်။** (သတင်းစဉ်)

တိုက်ခိုက်မှုနဲ့ အဆုံးသတ်ရတတ်ပြီး မိမိတို့ရဲ့ ကျဆုံးမှုကိုသာ ဖြစ်ပေါ်စေနိုင်တယ်လို့ ကမ္ဘာ့ခေါင်းဆောင်တွေကို သတိပြုမိစေမှာ ဖြစ်ပါတယ်။ စည်းလုံးညီညွတ်မှုနဲ့ လက်တွဲဆောင်ရွက်မှုမရှိတာဟာ မိသားစု၊လူနေမှုအဖွဲ့အစည်း၊ နိုင်ငံ၊ သာသနာ၊ ပတ်ဝန်းကျင်နဲ့တကွ ကမ္ဘာလောကကြီးကိုပါ ဆုတ်ယုတ်ပျက်စီးစေနိုင်ပါတယ်။ သစ္စာမေတ္တာနှင့် ကရုဏာဆိုတဲ့ မြတ်ဗုဒ္ဓရဲ့ အဆုံးအမတော်က လူသားတွေ ခံစားနေရတဲ့ ဒီဆင်းရဲဒုက္ခဝေဒနာတွေကို ကုစားပေးနိုင်တဲ့ တစ်ခုတည်းသော ဆေးဝါးဖြစ်တယ်ဆိုတာကို ကမ္ဘာတစ်ဝန်းလုံးက နားလည် လက်ခံလာတဲ့အထိ မိမိတို့ အစွမ်းကုန်ကြိုးစား အားထုတ်သွားကြရမှာဖြစ်ပါတယ်။ ကမ္ဘာငြိမ်းချမ်းရေးနဲ့ အတူတကွ လက်တွဲဆောင်ရွက်ရေးကို ရရှိပြီးရင်လည်း ဆင်းရဲမွဲတေမှု၊ ရောဂါဘယများ ထူပြောမှု၊ အသိဉာဏ်ကင်းမဲ့မှုဆိုတဲ့ ဝဋ်ဒုက္ခ အန္တရာယ်တွေရဲ့ အကြောင်းရင်းတွေကို ဆက်လက် တွန်းလှန်ကြရဦးမှာ ဖြစ်ပါတယ်။

ဒီကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးကျင်းပရခြင်းရဲ့ ရည်ရွယ်ချက် ငါးရပ်ရှိပါတယ်။ အဲဒါဘာလဲဆိုတော့–

(၁) ဗုဒ္ဓဘာသာနိုင်ငံများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ တိုးပွားလာစေဖို့၊
(၂) ဗုဒ္ဓဘာသာနိုင်ငံတွေမှာ ဗုဒ္ဓဘုရားရှင်(ဟောကြားခဲ့တဲ့) အဆုံးအမတော်တွေနဲ့ (ဘုရားရှင် လမ်းညွှန်ခဲ့တဲ့) ကျင့်စဉ်တွေကို ထိန်းသိမ်းထားဖို့၊
(၃) ကမ္ဘာ့နိုင်ငံတွေမှာ ပိဋကတ်စာပေလေ့လာသင်ကြားတာကို အခြေပြုတဲ့ ဗုဒ္ဓဘာသာဆိုင်ရာ ပညာရေးထွန်းကားလာစေဖို့၊
(၄) ဗုဒ္ဓဘာသာဝင်တို့က ငြိမ်းချမ်းတဲ့ ကမ္ဘာလောကကြီး ဖော်ဆောင်ဖန်တီးနေတာကို အထောက်အကူပြုဖို့၊
(၅) ဗုဒ္ဓဘုရားရှင်ရဲ့ မူလအဆုံးအမတော်တွေ ကမ္ဘာတစ်ဝန်းမှာ ပြန့်ပွားလာစေဖို့

တို့ဖြစ်ပါတယ်။

ဗုဒ္ဓဘုရားရှင်ရဲ့သက်တော်ထင်ရှားရှိစဉ်ကကျင်းပခဲ့တဲ့ သံဃာညီလာခံမှာ ကိုယ်တော်တိုင်ဟောပြောခဲ့တဲ့ အဆုံးအမကိုသမိုင်းကြောင်းအနေဖြင့် တင်ပြလိုပါတယ်။ ဒီအဆုံးအမတော်ဟာ မိမိတို့ ညီလာခံအတွက် အလွန်အသုံးဝင်တဲ့ လမ်းညွှန်ချက်ဖြစ်ပါလိမ့်မယ်။

သဗ္ဗညုတဉာဏ်ရလို့ ဘုရားအဖြစ်ရောက်တော်မူပြီး ကိုးလအကြာမှာ ပထမအကြိမ် သံဃာပေါင်းစုံ ညီလာခံကြီးကို ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်မှာ ဘုရားရှင်ကိုယ်တော်တိုင် (ကြီးမှူး) ကျင်းပခဲ့ပါတယ်။ ရဟန္တာပုဂ္ဂိုလ်ကြီးတွေချည်း ၁၂၅၀ တက်ရောက်တော်မူခဲ့ပါတယ်။ ဝေဠုဝန် သံဃာ့ညီလာခံမှာ အရှင်သာရိပုတ္တရာကို ပထမအဂ္ဂသာဝကအဖြစ်နဲ့ အရှင်မဟာမောဂ္ဂလာန်ကို ဒုတိယအကြီးအကဲအဖြစ် ခန့်အပ်ပြီးတော့ သံဃာ့အဖွဲ့အစည်းကို အုပ်ချုပ်စေခဲ့ပါတယ်။

အဲဒီညီလာခံမှာ ချမှတ်ခဲ့တဲ့ ဘုရားရှင်ရဲ့ အဓိက အဆုံးအမတော်တွေကတော့–

(၁) သည်းခံခြင်းဟာ အမြတ်ဆုံး အကျင့်ဖြစ်တယ်၊
(၂) ရဟန်းတစ်ပါးသည် သူတစ်ပါးကို မညှဉ်းဆဲရာ၊
(၃) သူတစ်ပါးကို စွပ်စွဲခြင်း၊ ဆဲရေးတိုင်းထွာခြင်း၊ အပြစ်တင်ပြောဆိုခြင်း မပြုရာ၊
(၄) ကိုယ်၊ နှုတ်၊ နှလုံးကို ထိန်းသိမ်းရာ၏၊
(၅) ဆွမ်း၊ ကျောင်း၊ အိပ်ရာတို့၌ ရောင့်ရဲရာ၏၊
(၆) ကမ္မဋ္ဌာန်း အလုပ်ကို မပြတ်အားထုတ်ကျင့်ကြံရာ၏၊
(၇) မကောင်းမှု ဟူသမျှကို မပြုရာ၊
(၈) မကောင်းသောစကားဟူသမျှ ကို မဆိုရာ၊
(၉) မကောင်းသော အကြံဟူသမျှ ကို မကြံရာ၊
(၁၀) စိတ်ကိုဖြူစင်အောင် အားထုတ်ရာ၏

ဟူ၍ ဖြစ်ပါတယ်။

ဒါကြောင့် ဒီအစည်းအဝေးနှစ်ခုမှာ ဟောကြားခဲ့တဲ့ မြတ်ဗုဒ္ဓရဲ့ အဆုံးအမတော်တွေနဲ့အညီ သည်းခံခြင်း၊ ရောင့်ရဲကျေနပ်ခြင်းနဲ့ အကောင်းမြင်ခြင်းတို့ကို လက်ကိုင်ထားပြီး ဘုရားရှင်ရဲ့သားတော် သမီးတော်တွေ ဖြစ်ကြတဲ့ မိမိတို့က ဒီညီလာခံကြီးမှာ သာသနာတော် တိုးတက်ရေး၊ ထွန်းကား ပြန့်ပွားရေးတို့ကို အလေးထား ဆွေးနွေးကြရမှာ ဖြစ်ပါတယ်။

ဗုဒ္ဓဘာသာပိဋကတ်စာပေတွေကို မှတ်တမ်းတင်ထားတဲ့ ပါဠိဘာသာစကားမှာ 'လူ'ဆိုတာ အကြောင်းအကျိုး၊ အကောင်းအဆိုးကို ဆင်ခြင်တတ်တဲ့ သတ္တဝါလို့ အဓိပ္ပာယ်ရပါတယ်။ သို့သော်လူသားတို့သည် ရံဖန်ရံခါ ကြောက်ရွံ့မှု၊ စိုးရိမ်မှု၊ စိတ်ကူးယဉ်မှု၊ အတွေးခေါင်မှုတွေကြောင့် အရှိတရား အမှန်တရားကို ကြောင်းကျိုးညီညွတ်စွာ နားလည်ဆင်ခြင်နိုင်စွမ်းမရှိဖြစ်တတ်ပါတယ်။ကြောင်းကျိုးဆင်ခြင်နိုင်စွမ်း မရှိတဲ့အခါမှာ စိတ်ကူးယဉ်ပြီး ကယ်တင်ရှင်တစ်ပါးပါးကို အားကိုးရှာတတ်ပါတယ်။ ဒါကြောင့် ကြောက်ရွံ့စိတ်နဲ့ စိတ်ကူးယဉ်မှုတို့ဟာ ဘာသာတရား (Religion)တစ်ခုရဲ့ အကြောင်းရင်းတွေ ဖြစ်ပါတယ်။ ဘာသာတရား တစ်ခုမှာ ယုံကြည်ကိုးကွယ်မှုနဲ့ဆုတောင်းမှုတို့ အဓိကဖြစ်လာရင် လူဟာပဓာနမဟုတ်တော့ဘဲ ဘုရားသခင်ကသာ ပဓာနဖြစ်လာပါတယ်။

ဗုဒ္ဓဘုရားရှင်ရဲ့ တရားဓမ္မကတော့ ဒီလိုမဟုတ်ပါ။ (ဗုဒ္ဓဘာသာ အလိုအရ)လူသားတို့ရဲ့ ဘဝပြဿနာကို လူသားတို့ကိုယ်မှာပဲ ရှာဖွေတွေ့ရှိနိုင်ပါတယ်။ ကြောက်ရွံ့ခြင်း၊ စိုးရိမ်ခြင်း၊ အလိုမပြည့်ခြင်း၊ ဆင်းရဲဒုက္ခရောက်ခြင်းတို့ဟာ လူရဲ့ခန္ဓာကိုယ်မှာပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဒီပြဿနာတွေရဲ့ အဖြေကိုလဲ လူရဲ့ခန္ဓာကိုယ်မှာပဲ ရှာဖွေတွေ့ရှိရမှာဖြစ်ပါတယ်။ လူရဲ့ခန္ဓာကိုယ်ဟာ စိတ်၊စေတသိက်နဲ့ရုပ်တို့ကို အချိုးညီညီ ပေါင်းစပ်ဖွဲ့စည်းထားတာဖြစ်ပါတယ်။ စိတ်နှင့်စေတသိက်တို့ဟာ ဘဝပြဿနာရဲ့အကြောင်းရင်းတွေဖြစ်ရုံသာမကဘဲ အဲဒီပြဿနာတွေရဲ့ အဖြေကိုလဲ စိတ်နှင့်စေတသိက်တို့မှာပဲ တွေ့ရှိရမှာဖြစ်ပါတယ်။ ဒါဟာ သစ္စာတရားဖြစ်ပြီး ဗုဒ္ဓဘုရားရှင်က တရားဓမ္မကို ဟောကြားရာမှာ လူကိုဗဟိုချက်ထားပြီး ဟောကြားခဲ့ပါတယ်။ ဘာသာတရား (Religion)ဟာ ကိုးကွယ်ယုံကြည်မှုကို အခြေခံတဲ့အတွက် ဘုရားသခင် (God)က အဓိကဖြစ်ပါတယ်။ ဗုဒ္ဓရဲ့ တရားဓမ္မကတော့ ကိုယ်၊နှုတ်နဲ့စိတ်တို့ကို တစ်ထပ်တည်းနေအောင် ကျင့်သုံးဖို့သာ ဖြစ်ပါတယ်။"မကောင်းတဲ့၊ မိမိအတွက် ကောင်းကျိုးမပြုတဲ့ အရာတွေက ပြုလုပ်ဖို့လွယ်ပါတယ်၊ ဒါပေမယ့်ကောင်းတဲ့၊ (မိမိအတွက်) အကျိုးရှိမယ့် အရာတွေကိုတော့ ပြုလုပ်ဖို့ အလွန်ခက်ခဲပါတယ်"လို့ မြတ်ဗုဒ္ဓက ဟောကြားခဲ့ပါတယ်။ ဒီမြတ်ဗုဒ္ဓရဲ့ တရားဓမ္မကိုလူတစ်ဦးချင်းစီက လိုက်နာကျင့်ကြံရင် လူတစ်ဦးချင်းငြိမ်းချမ်းမှုကိုရရှိမှာဖြစ်ပြီး အဲဒီတစ်ဦးချင်းစီရဲ့ ငြိမ်းချမ်းမှုက တစ်ကမ္ဘာလုံးငြိမ်းချမ်းရေးကိုဖော်ဆောင်ဖို့လမ်းစဖြစ်ပါတယ်။

## လုပ်ငန်းတာဝန်ကြီးလေးရပ်

ဘုရားရှင်ဟောကြားခဲ့တဲ့ တရားဓမ္မမှာ အဓိက အကျဆုံးကတော့ အရိယမဂ်နဲ့ အရိယသစ္စာတို့ ဖြစ်ပါတယ်။ (မိမိတို့)မြတ်ဗုဒ္ဓရဲ့ သားတော်၊ သမီးတော်တွေက ဒီအရိယမဂ်နှင့် အရိယသစ္စာဆိုတဲ့ တရားတော်ကို လက်ဆင့်ကမ်း သယ်ဆောင် ထိန်းသိမ်းခဲ့တာ နှစ်ပေါင်း၂၅၀၀ကျော်ရှိခဲ့ပြီဖြစ်ပါတယ်။ ဗုဒ္ဓဝါဒီအမျိုးမျိုးက မတူညီသောအစဉ်အလာဝါဒတွေကိုလက်ခံကျင့်သုံးနေကြပေမယ့် အရိယ မဂ်၊ အရိယသစ္စာတို့နဲ့ ပတ်သက်ပြီး အငြင်းပွားခဲ့ခြင်း မရှိပါ။ ဒါက ဗုဒ္ဓဘာသာရဲ့ ထူးခြားချက်တစ်ရပ် ဖြစ်ပါတယ်။

မြတ်ဗုဒ္ဓရဲ့ သာသနာတော်မှာ နေထိုင်ကြတဲ့ မိမိတို့ မြတ်ဗုဒ္ဓရဲ့ သားတော်၊ သမီးတော်များဟာ သာသနာ့ဝန်ထမ်းများဖြစ်ကြပါတယ်။ မြတ်ဗုဒ္ဓ ၄၅နှစ်ကြာ ဟောကြားခဲ့တဲ့ တရားဒေသနာတော်ကို မိမိတို့နောင်တော်၊ အစ်မတော် အဆက်ဆက်၊ ဆရာအဆက်ဆက် လက်ဆင့်ကမ်း သယ်ဆောင်ခဲ့လို့ ဒီသာသနာတော်ကို မိမိတို့ရရှိနေကြပြီဖြစ်ပါတယ်။ မိမိတို့ရဲ့ညီငယ်၊ ညီမငယ်အဆက်ဆက်တို့ အရိယမဂ်ပေါ်မှာ ဆက်လက် လျှောက်လှမ်းပြီး အရိယသစ္စာကို သိမြင်ကာ နိဗ္ဗာန်ချမ်းသာကို ခံစားရရှိနိုင်ကြဖို့ အတွက်လုပ်ငန်းတာဝန်ကြီးလေးရပ်ကို ထိထိရောက်ရောက် ဆောင်ရွက်ကြဖို့ မိမိတို့မှာ တာဝန်ရှိပါတယ်။ ဒီလုပ်ငန်းတာဝန်ကြီးလေးရပ်ကတော့–

(၁) ဗုဒ္ဓသာသနာတော်ကို မူလ ဟောကြားခဲ့စဉ်ကအတိုင်း သန့်ရှင်းစင်ကြယ်အောင် ထိန်းသိမ်းစောင့်ရှောက်ဖို့၊
(၂) မူလဟောကြားခဲ့စဉ်ကအတိုင်း (သန့်ရှင်းစင်ကြယ်တဲ့) ဗုဒ္ဓသာသနာတော်ကို ထိထိရောက်ရောက်ဖြန့်ချိဖို့၊
(၃) ဗုဒ္ဓသာသနာတော်ကို ထိန်းသိမ်းခြင်း၊ သင်ကြားခြင်း၊ သင်ယူခြင်းနှင့် သုတေသနပြုခြင်းတို့မှာ ခေတ်မီနည်းပညာများကို အသုံးပြုဖို့၊
(၄) သမိုင်းဝင် သာသနာရေးနယ်မြေများ၊ ရှေးဟောင်းစေတီပုထိုးများ၊ ဗုဒ္ဓရုပ်ပွားတော်များ၊ ဗုဒ္ဓစာပေများနဲ့ ယဉ်ကျေးမှု အမွေအနှစ်များကို သဘာဝဘေးရန်နဲ့ ဗုဒ္ဓသာသနာ့ဆန့်ကျင်ဘက် နှောင့်ယှက်ဖျက်ဆီးမှုမှ ကာကွယ်စောင့်ရှောက်ကြဖို့

တို့ဖြစ်ပါတယ်။

ဗုဒ္ဓသာသနာတော်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ထွန်းကားပြန့်ပွားအောင်ဆောင်ရွက်ခြင်းနှင့်သင်ကြားခြင်းတို့အတွက် အဓိကလိုအပ်ချက်လေးခု ရှိပါတယ်။ ဒါတွေကတော့–

(၁) လူအင်အား
(၂) ငွေကြေးအင်အား
(၃) ပစ္စည်းအင်အား
(၄) စိတ်ဓာတ်အင်အား

တို့ဖြစ်ကြပါတယ်။

စာမျက်နှာ ၁၄ ကော်လံ ၁

**စာမျက်နှာ ၁၃ မှ**

လူအင်အားအနေနဲ့သာသနာတော်ထွန်းကားရေးအတွက် ရဟန်းတော်များ၊ အစိုးရအဖွဲ့ဝင်များ၊ အသိပညာရှင် အတတ်ပညာရှင်များနဲ့အလွှာပေါင်းစုံမှ ပြည်သူတွေကို စုစည်းဖို့လိုအပ်ပါတယ်။ နိုင်ငံရေးအမြင် မတူညီတဲ့နိုင်ငံတွေစုပေါင်းပြီး ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး တည်ထောင်ခဲ့သလိုမိမိတို့ ဗုဒ္ဓဘာသာဝင်တွေကလဲ ဗုဒ္ဓဘာသာနိုင်ငံတွေ ပူးပေါင်းပြီး ကမ္ဘာ့ဗုဒ္ဓဘာသာနိုင်ငံများအဖွဲ့ တည်ထောင်ဖို့ ကြိုးပမ်းသင့်ပါတယ်။ အဲဒီအခြေအနေ ရောက်ရှိဖို့ ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုနဲ့ ခွင့်လွှတ်မှု၊ သည်းခံမှုတို့ကို အခြေခံတည်ဆောက်ထားတဲ့ ညီနောင်သားချင်းတွေလိုရင်းနှီးနားလည်တဲ့၊ ခိုင်မာတဲ့ စိတ်ဓာတ်မျိုး ထားရှိနိုင်ဖို့လိုအပ်ပါတယ်။ ဒါ့ပြင် အကျင့်သီလနဲ့ ဉာဏ်ပညာလည်း လိုအပ်ပါတယ်။ ဗုဒ္ဓဘာသာခေါင်းဆောင်တွေ အချင်းချင်းချစ်ကြည်ရင်းနှီးမှုနဲ့ အပြန်အလှန်နားလည်မှုတို့အတွက်ဒီညီလာခံကြီးက ကောင်းကောင်း အထောက်အကူပြုလိမ့်မယ်လို့ မိမိယုံကြည်ပါတယ်။

ငွေကြေးအင်အားမရှိရင် သာသနာတော်ဆိုင်ရာကြီးမားတဲ့ စီမံကိန်းတွေကိုထိရောက်အောင်ဆောင်ရွက်နိုင်မှာမဟုတ်ပါ။ မြတ်ဗုဒ္ဓ သက်တော်ထင်ရှားရှိစဉ် အနာထပိဏ်သူဌေးက ဇေတဝန်ကျောင်းတော်ဆောက်လုပ်လှူဒါန်းရာမှာ ငွေသန်းပေါင်း၅၄ဝကုန်ကျခဲ့ပါတယ်။ ဒီကျောင်းတော်မှာဘုရားရှင်နဲ့တပည့်သာဝကများ ၂၅နှစ်တိုင်တိုင် သီတင်းသုံးနေထိုင်ခဲ့ကြပါတယ်။ ဘုရားရှင်က သုတ္တန် ပေါင်းများစွာဟောကြားခဲ့ပြီး တရားနာရတဲ့လူပေါင်းများစွာ ရဟန္တာအဖြစ်ကို ရခဲ့ကြပါတယ်။ သာသနာနှစ် ၃၀၀လောက်မှာ သာသနိက အဆောက်အအုံတွေ တည်ဆောက်ဖို့နဲ့ ကိုးတိုင်း ကိုးဌာနကို သာသနာပြုတွေ စေလွှတ်ဖို့အတွက် အသောကမင်းကြီးက ငွေသန်းပေါင်းများစွာ သုံးစွဲခဲ့ပါတယ်။ ဒီဗုဒ္ဓဘာသာထိပ်သီးညီလာခံကျင်းပနေတဲ့ မဟာပါသာဏလိုဏ်ဂူတော်ကြီးကို ၁၉၅၂ ခုနှစ်က ငွေကျပ်ကိုးသန်း အကုန်အကျခံတည်ဆောက်ခဲ့ရပါတယ်။ အခု ဒီလိုဏ်ဂူတော်ကြီးကို ပြုပြင်မွမ်းမံတာကပဲ သိန်းပေါင်း ၁၅၀၀လောက် ကုန်ကျပါတယ်။ အဲဒါကြောင့် ငွေကြေးအင်အားမရှိဘဲ ဒီလို ကြီးကျယ်ခမ်းနားတဲ့ လုပ်ငန်းစီမံကိန်းတွေကို ဆောင်ရွက်နိုင်မှာ မဟုတ်ပါ။

ပစ္စည်းအင်အားကလဲ ဒီလိုပါပဲ။ ဗုဒ္ဓဘာသာထိပ်သီး ညီလာခံကြီး အောင်အောင်မြင်မြင် ကျင်းပနိုင်ဖို့အတွက် ခေတ်မီဆန်းသစ်တဲ့ ရုပ်သံစနစ်၊ ကွန်ပျူတာ၊ လက်ကိုင်ဖုန်းနဲ့ ဆက်သွယ်ရေးကိရိယာများ၊ လျှပ်စစ်အသုံးအဆောင် ပစ္စည်းများ၊ ပုံနှိပ်စက် စတာတွေကို တပ်ဆင်အသုံးပြုခဲ့ရပါတယ်။

ဒါတွေအပြင် သာသနာတော်ထွန်းကားပြန့်ပွားရေးအတွက် အရေးအကြီးဆုံး မရှိမဖြစ်လိုအပ်တာကတော့ စိတ်ဓာတ်အင်အားပဲ ဖြစ်ပါတယ်။ ငွေကြေး၊ ပစ္စည်းနဲ့ လူအင်အား ဘယ်လောက်များပြားနေပါစေ အရည်အချင်း၊ စိတ်ဓာတ်နဲ့ အကျင့်သီလ မရှိရင်ဘယ်လုပ်ငန်းကိုမှ ထိရောက်အောင်မြင်အောင် ဆောင်ရွက်နိုင်မှာ မဟုတ်ပါ။ သီလ(Virtue)ဆိုတာကတော့ ကာယကံ၊ ဝစီကံ၊ မနောကံတို့ကို စောင့်စည်းတာကိုဆိုလိုပါတယ်။ မိမိတို့ဗုဒ္ဓဘာသာဝင်တွေဟာ မြတ်ဗုဒ္ဓဆုံးမသွန်သင်ချမှတ်ထားတဲ့သီလများကို စောင့်ထိန်းကြရမှာဖြစ်ပါတယ်။ မိမိတို့ဟာသည်းခံခြင်း၊ ချစ်ခင်ခြင်းနဲ့ သနားညှာတာခြင်းဆိုတဲ့ ညီနောင်သားချင်းတွေလို ချစ်ကြည်ရင်းနှီးတဲ့ စိတ်ဓာတ်ရှိဖို့ လိုအပ်ပါတယ်။ နူးညံ့သိမ်မွေ့တဲ့ နှလုံးသားရှိသူဟာ ထက်မြက်စူးရှသော ပညာ၊ ကြောင်းကျိုးဆင်ခြင်တတ်သောဉာဏ်၊ ကိုယ်နှုတ်စိတ်တို့ကိုစည်းကမ်းတကျ ထိန်းသိမ်းစောင့်ရှောက်သည့် သီလနှင့်လဲ ပြည့်စုံဖို့လိုအပ်ပါတယ်။ ဒါကြောင့် သာသနာတော်တည်တံ့ရေး၊ တိုးတက်ရေး၊ ထွန်းကားပြန့်ပွားရေးနဲ့ ကာကွယ်စောင့်ရှောက်ရေးကို အောင်မြင်အောင် ဆောင်ရွက်နိုင်ဖို့ အဓိကလိုအပ်ချက် လေးရပ်မှာ စိတ်ဓာတ်အင်အားက အရေးအပါဆုံးဖြစ်ပါတယ်။

ဒီအင်အား လေးရပ်ကို နှိုင်းနှိုင်းချိန်ချိန် အသုံးချနိုင်ခဲ့လို့ အသောကမင်းကြီးဟာ သာသနာတော်အကျိုးအတွက် အများကြီး ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အသောကမင်းကြီးရဲ့ သာသနာပြု လုပ်ငန်းတွေကြောင့် အနောက်တိုင်း ဂရိ၊ တူရကီနဲ့ ရုရှားနိုင်ငံများနဲ့ အရှေ့တောင်အာရှဒေသတစ်လွှားကို သာသနာတော် ရောက်ရှိပြန့်ပွားခဲ့ပါတယ်။ အသောကမင်းကြီးသည် ထောင်ပေါင်းများစွာသောဘုရားကျောင်းကန်တွေ တည်ဆောက်ခဲ့တာကို သာသနာသမိုင်းမှာ မှတ်တမ်းတင်ထားပါတယ်။

ဒီနေ့ ဒီအင်အား လေးရပ်ကို စနစ်တကျ သူ့နေရာနဲ့သူ အသုံးမချနိုင်ခဲ့လို့ သာသနာတော်မွေးဖွားပေါ်ပေါက်ရာ အိန္ဒိယနိုင်ငံမှာ သာသနာတော်မှေးမှိန်ကွယ်ပျောက်ခဲ့ရပြီ ဖြစ်ပါတယ်။ ဗုဒ္ဓသာသနာစက် ပျံ့နှံ့ရာ ကျယ်ဝန်းလှတဲ့ ဒေသကြီးဟာလဲ ကျဉ်းမြောင်းလာခဲ့ရပါတယ်။ အသောကမင်းကြီး တည်ဆောက်ခဲ့တဲ့ ဘုရားကျောင်းကန်တွေလဲ အုတ်ကျိုးအုတ်ပဲ့ အစုအပုံတွေအဖြစ် ရောက်ရှိနေပါပြီ။ ဒါကြောင့် ဗုဒ္ဓဘာသာ ညီအစ်ကိုမောင်နှမများ ဗုဒ္ဓသာသနာတော် စောင့်ရှောက်ထိန်းသိမ်းပြန့်ပွားရေးကို စွမ်းနိုင်သလောက် ဆောင်ရွက်ကြဖို့ ဒီဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးမှ တိုက်တွန်းလိုပါတယ်။

## မျက်မှောက်ခေတ်

## နိုင်ငံတကာရေးရာအခြေအနေ

နိုင်ငံတကာ အခြေအနေများကို လေ့လာရင် နိုင်ငံရေး၊စီးပွားရေး၊ လူမှုရေးနဲ့စစ်ရေးအဘက်ဘက်မှာတည်ငြိမ်အေးချမ်းမှုကင်းမဲ့ပြီး ရှုပ်ထွေး တင်းမာနေတာကို တွေ့ရပါတယ်။ ဒီလိုတစ်ကမ္ဘာလုံး တည်ငြိမ်အေးချမ်းမှုကင်းမဲ့နေခြင်းဟာ လူတစ်ဦးချင်းစီရဲ့ တည်ငြိမ်အေးချမ်းမှု ကင်းမဲ့ခြင်းက စတင်ခဲ့တာဖြစ်ပါတယ်။ လူတစ်ဦးချင်းစီရဲ့ အလိုမပြည့်မှုတွေက နိုင်ငံရေးအခြေအနေ ရှုပ်ထွေးတင်းမာမှုနဲ့ စစ်ပွဲတို့အတွက် လမ်းစပဲ ဖြစ်ပါတယ်။ ကမ္ဘာ့သမိုင်းတစ်လျှောက်မှာ လူသားတွေရဲ့ အလိုမပြည့်မှုကြောင့် ဖြစ်ပွားခဲ့ရတဲ့ စစ်ပွဲတွေအများကြီး ရှိခဲ့ပါတယ်။

သူတစ်ပါးကိုလွှမ်းမိုးအုပ်ချုပ်ဖို့၊ သူတစ်ပါးရဲ့စည်းစိမ်ဥစ္စာတွေကို လုယူဖို့နဲ့ သူတစ်ပါးကို သတ်ဖြတ်ဖို့ဆိုတာတွေက နိုင်ငံတကာ လူ့အဖွဲ့အစည်းရဲ့ အဓိက သွင်ပြင်လက္ခဏာတွေလိုဖြစ်နေပါတယ်။ "တစ်လောကလုံး လောင်ကျွမ်းနေသည်။ စိတ်စေတသိက်များသည် ရာဂမီး၊ ဒေါသမီး၊ မောဟမီးတို့ဖြင့် လောင်ကျွမ်းနေကြသည်။ ဇာတိ၊ဇရာ၊ဗျာဓိ၊မရဏတို့ဖြင့် လောင်ကျွမ်းနေသည်။ ပရိဒေဝမီးတို့ဖြင့်လည်း လောင်ကျွမ်းနေသည်" လို့ မြတ်ဗုဒ္ဓက ဟောကြားခဲ့ပါတယ်။ တောတောင်၊မြစ်ချောင်းတွေ၊ ဆီးနှင်းတွေနဲ့သာယာလှပနေတဲ့ကမ္ဘာ့ပတ်ဝန်းကျင်ကို စစ်လက်နက်ပစ္စည်း စက်ရုံတွေက ဖျက်ဆီးနေပါတယ်။ အဖိုးတန်ရတနာတွေ ပြည့်နှက်နေတဲ့ ကမ္ဘာကြီးဟာ အဆက်မပြတ် ဖြစ်ပွားနေတဲ့စစ်ပွဲတွေကြောင့် သုသာန်တစပြင်ကြီး တစ်ခုလို ဖြစ်နေပါပြီ။ သဘာဝနိယာမအရ ဒီမကောင်းမှုဒုစရိုက်တွေရဲ့ အကြောင်းရင်းကတော့ တဏှာလောဘပဲဖြစ်ပါတယ်။ လူသားတွေရဲ့ အတွင်းသဏ္ဌာန်မှာ လောဘ၊ ဒေါသ၊ မောဟတွေရှိနေပါတယ်။ ပြဿနာကိုသိရင် ပြဿနာရဲ့အဖြေကို ရှာဖွေနိုင်ပါတယ်။ အလားတူပဲ ရောဂါဝေဒနာရဲ့ဇာစ်မြစ်ကိုသိရင် အဲဒီရောဂါကို ကုသနိုင်တဲ့ ဆေးဝါးကို ရှာလို့ရပါတယ်။ တစ်နည်းအားဖြင့် ပြောရရင် မြတ်ဗုဒ္ဓဟာ လူသားတွေရဲ့ ဆင်းရဲဒုက္ခတွေကို ကုသပျောက်ကင်းစေနိုင်တဲ့သမားတော်ကြီးတစ်ဆူ ဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။ ပိဋကတ်ကျမ်းဂန်တွေကတော့ စိတ်ပိုင်းဆိုင်ရာ မကျန်းမာမှုများကို ကုသဖို့ ဆေးညွှန်းလိုပါပဲ။ အရိယသစ္စာနှင့် အရိယမဂ်ဆိုတဲ့ မြတ်ဗုဒ္ဓရဲ့တရားဓမ္မဟာ အဲဒီရောဂါတွေကို ကုသဖို့ အစွမ်းအထက်ဆုံး ဆေးဝါးဖြစ်ပါတယ်။ လူသားတွေရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးတဲ့ အနေနဲ့ တရားဓမ္မဟောကြားသွန်သင်ကြဖို့ မြတ်ဗုဒ္ဓရဲ့ သားတော်၊ သမီးတော်တွေဖြစ်တဲ့ မိမိတို့မှာ အထူးတာဝန် ရှိပါတယ်။ အမှန်တရားကို သိရှိနားလည်နိုင်ခြင်း မရှိသူတွေကို နားလည် သဘောပေါက်လာအောင် ပညာပေးသွန်သင်ဖို့နဲ့ အဝိဇ္ဇာတဏှာ စွဲကပ် လောင်ကျွမ်းနေတဲ့ ကမ္ဘာလောကကြီးကို ဆေးဝါးကုသပေးဖို့ ကမ္ဘာတစ်ဝန်းမှာ ဗုဒ္ဓသာသနာ့ရိပ်သာတွေ တိုးမြှင့် ဖွင့်လှစ်ပေးကြဖို့ အလေးအနက်တိုက်တွန်းအပ်ပါတယ်။

ကမ္ဘာအရပ်ရပ် နိုင်ငံအသီးသီးမှာ ကမ္ဘာ့ဗုဒ္ဓဘာသာညီလာခံတွေ အသီးသီး အမျိုးမျိုး ကျင်းပခဲ့တဲ့ အကျိုးဆက်ဟာ ဗုဒ္ဓဘာသာဝင်တွေစည်းလုံးညီညွတ်ရေးနဲ့ ပူးပေါင်းဆောင်ရွက်ကြရေး၊ အချင်းချင်း အပြန်အလှန်နားလည်မှုရရှိရေး အတွက် အင်အားတွေ ခွန်အားတွေ ရရှိခဲ့ကြပါတယ်။ ဒီညီလာခံများရဲ့ အကျိုးကျေးဇူးကြောင့် ထေရဝါဒီတွေ၊ မဟာယာနနှင့်တိဗက် ဗုဒ္ဓဘာသာဝင်တွေ တစ်ယောက်အကြောင်းတစ်ယောက် ပိုမိုသိရှိနားလည်လာခဲ့ကြပါတယ်။ ပုဂ္ဂိုလ်ရေး ချစ်ကြည်ရင်းနှီးမှုတွေလဲ ရရှိခဲ့ပါတယ်။ တစ်ဆင့်တက်ပြီး မိမိတို့ပြောဆိုယူဆချက်တွေကို လက်တွေ့အကောင်အထည်ဖော်ဖို့အတွက် စီမံချက် ချမှတ်လုပ်ဆောင်ဖို့ လိုအပ်နေပါသေးတယ်။ အနာဂတ်မှာ မိမိတို့အချင်းချင်း ပိုမိုပူးပေါင်းဆက်သွယ်ဖို့၊ အထူးသဖြင့် တက္ကသိုလ်တွေနဲ့ဘုန်းကြီးကျောင်းတွေ အချင်းချင်းချိတ်ဆက်ထားတာတို့၊ ပညာသင်တွေ လဲလှယ်ကြတာတို့ ပြုလုပ်သင့်ပါတယ်။ နိုင်ငံတကာ ဗုဒ္ဓဘာသာခေါင်းဆောင်တို့ရဲ့ အချင်းချင်းဆွေးနွေးပွဲတွေဟာ မရှိမဖြစ်လိုအပ်တဲ့အတွက် ဆွေးနွေးပွဲတွေနဲ့ အမြင်ချင်းဖလှယ်မှုတွေကို မှန်မှန်ပြုလုပ်သွားသင့်ပါတယ်။ မိမိတို့အနေနဲ့ဒီလိုဆွေးနွေးပွဲများမှာနားလည်ခြင်း၊ သည်းခံခြင်းနဲ့ ခွင့်လွှတ်ခြင်းတွေကို လက်ကိုင်ထားပြီး မိမိတို့အားလုံးရဲ့ ဦးတည်ချက် အောင်မြင်ရေးကို ရှေးရှုပြီး ပါဝင်ဆွေးနွေးသင့်ပါတယ်။ ဤကဲ့သို့သော ဗုဒ္ဓဘာသာအစည်းအဝေးကြီးတွေက ဗုဒ္ဓဘာသာဝင်များစွာတို့ရဲ့ အနာဂတ်ချစ်ကြည်ရင်းနှီးမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေအတွက် မှန်ကန်တဲ့ ခြေလှမ်းများဖြစ်ပြီး နိမိတ်ကောင်းတစ်ရပ်လဲဖြစ်ပါတယ်။ ဗုဒ္ဓဘာသာဝင်တို့ စည်းလုံးညီညွတ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် စီမံချက်ချမှတ် ဆောင်ရွက်ရာမှာ အဖွဲ့အစည်းတစ်ရပ်အသွင်ဖွဲ့စည်းဖို့ လိုအပ်မှာဖြစ်ပါတယ်။ မိမိတို့ရဲ့ ဆွေးနွေးမှုများနဲ့အတူ တိုးတက်လာပြီး အဲဒီအဖွဲ့အစည်းရဲ့ နောက်ဆုံးပုံသဏ္ဌာန်ပေါ်ပေါက်လာမယ်လို့ယူဆပါတယ်။ ဒါ့ပြင်ဗုဒ္ဓဘာသာပညာရေးဟာလဲ ဗုဒ္ဓဘာသာဂိုဏ်းကွဲတွေ၊ တစ်ဂိုဏ်းအကြောင်း တစ်ဂိုဏ်း ကောင်းကောင်းသိရှိနားလည်နိုင်စေဖို့ တကယ်ထိရောက်တဲ့နည်းလမ်း ဖြစ်ပါတယ်။ အချုပ်အားဖြင့်ဆိုရင် မိမိတို့သန္နိဋ္ဌာန်ချဆောင်ရွက်နေတဲ့ ဗုဒ္ဓဘာသာဝင်တို့စည်းလုံး ညီညွတ်မှုနဲ့ အပြန်အလှန်ပူးပေါင်း ဆောင်ရွက်မှုတို့ဟာ မရှိမဖြစ်တဲ့လိုအပ်ချက်တွေဖြစ်ပြီး ဒီကမ္ဘာ့ဗုဒ္ဓဘာသာညီလာခံကြီးဟာ မိမိတို့ရဲ့ မွန်မြတ်တဲ့ရည်မှန်းချက်များကို လေးလေးနက်နက် ထပ်မံအတည်ပြုလိုက်တာဖြစ်ပါတယ်။

ဗုဒ္ဓဘာသာခေါင်းဆောင်တွေဟာ ပြင်ပ အသွင်သဏ္ဌာန်၊ အစဉ်အလာဝါဒ၊ ယဉ်ကျေးမှုတို့ ကွာခြားကြပေမယ့် မေတ္တာ၊ခန္တီ၊ ကရုဏာနဲ့ ပညာတို့ကို နှလုံးသား၌တန်ဖိုးထား သိမ်းထားရာမှာတော့ တူညီကြပါတယ်။ မြတ်ဗုဒ္ဓ သွန်သင်ညွှန်ပြခဲ့တဲ့ အင်္ဂါ ၈–ပါး ရှိတဲ့ အရိယမဂ်ဟာ မိမိတို့အတူတကွ လျှောက်လှမ်းကြရမယ့် လမ်းဖြစ်ပြီး (နိဗ္ဗာန်ဆိုတဲ့) နိရောဓသစ္စာက မိမိတို့ မလွဲမသွေရောက်ရှိရမယ့်ပန်းတိုင် ဖြစ်ပါတယ်။ ဒါကြောင့် မိမိတို့အားလုံး အရိယမဂ်ဆိုတဲ့ ဘုံလမ်းမကြီးပေါ်မှာ အတူလက်တွဲလျှောက်လှမ်းကြပြီး မိမိတို့ပန်းတိုင်ဖြစ်တဲ့ နိဗ္ဗာန်မှာဆုံတွေ့ကြပါစို့လို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ဗုဒ္ဓဘာသာညီလာခံ တက်ရောက်လာတဲ့ ဗုဒ္ဓဘာသာခေါင်းဆောင်အားလုံး စည်းလုံးညီညွတ်မှုနဲ့ မိမိတို့ရဲ့မွန်မြတ်တဲ့ရည်မှန်းချက်တွေ၊ ဦးတည်ချက်တွေကို ပြီးပြည့်စုံအောင် ဖော်ဆောင်နိုင်ကြပါစေကြောင်းလဲ ဆုတောင်းအပ်ပါတယ်။

* ဗုဒ္ဓဘာသာခေါင်းဆောင်များ ဗုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွားရေးအတွက် ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ကြပါစေ၊
* ဗုဒ္ဓဘာသာခေါင်းဆောင်များ လူသားတို့၏ ပြဿနာများကို ကူညီဖြေရှင်းပေးနိုင်ကြပါစေ၊
* ဗုဒ္ဓဘာသာခေါင်းဆောင် အားလုံး ကမ္ဘာ့ငြိမ်းချမ်းရေးကို အတူတကွ ဖော်ဆောင်နိုင်ကြပါစေ၊
* သူတော်ကောင်းတရား နေရာတိုင်းမှာ ထွန်းတောက်ပါစေ၊
* ဗုဒ္ဓသာသနာတော် သန့်ရှင်းစင်ကြယ်စွာ တည်တံ့ပါစေ၊
* သတ္တဝါအားလုံး ဆင်းရဲဒုက္ခအပေါင်းမှ လွတ်မြောက်ပါစေ၊
* သတ္တဝါအားလုံး ငြိမ်းချမ်းသာယာရှိကြပါစေ။

**အရှင်ဉာဏိဿရ**
**အဂ္ဂမဟာပဏ္ဍိတ၊D.Litt**
**သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်**
**စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်း။**

# ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးဆင်ယင်ကျင်းပ စာတမ်းများဖတ်ကြားပြီး ပထမနေ့အစီအစဉ်များရုပ်နား

ရန်ကုန် ဒီဇင်ဘာ ၉

**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာနက တာဝန်ယူကြီးမှူး၍ ကမ္ဘာ့နိုင်ငံအသီးသီးမှ ဗုဒ္ဓဘာသာဦးသျှောင်ဆရာတော်ကြီးများ၊ ဗုဒ္ဓဘာသာဂိုဏ်းအသီးသီးမှ ဂိုဏ်းချုပ်ဘုန်းတော်ကြီးများ၊ အထက်တန်းဗုဒ္ဓဘာသာသုတေသီပညာရှင်များ တက်ရောက်ဆွေးနွေးသော ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ခမ်းနားထည်ဝါ သိုက်မြိုက်စွာ ဆက်လက် ဆင်ယင်ကျင်းပသည်။**

အဆိုပါ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ပြည်ပနိုင်ငံများမှ ဗုဒ္ဓဘာသာဦးသျှောင်ဆရာတော်ကြီးများ၊ ဗုဒ္ဓဘာသာဂိုဏ်းအသီးသီးမှ ဂိုဏ်းချုပ်ဘုန်းတော်ကြီးများကြွရောက်တော်မူကြပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့်၎င်းတို့၏ ဇနီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေးဦးစီးကော်မတီဝင်များ၊ ပြည်ပမှအထက်တန်း ဗုဒ္ဓဘာသာသုတေသီပညာရှင်များ၊ မဟာယာနလူပုဂ္ဂိုလ်များ၊ဘာသာရေးအသင်းအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အိန္ဒိယသမ္မတနိုင်ငံမှ အရှင်ဓမ္မပိယ၏ဒါယကာများ၊ ဆရာကြီး ဂိုအင်ဂါ၏ ဝိပဿနာယောဂီ အဖွဲ့ဝင်များ၊ ဂျပန်နိုင်ငံမှ Mr. Nakakina အဖွဲ့၊ Ven Zuiho Nakashita နှင့်အဖွဲ့၊ ကိုရီးယားသမ္မတနိုင်ငံမှ Ven. Joen Woon Duk အဖွဲ့နှင့်ပြည်ပနိုင်ငံများမှ ကိုယ်စားလှယ်များတက်ရောက်ကြည်ညိုကြသည်။

## ဖူးမြော်ကြည်ညို

ကမ္ဘာ့ဗုဒ္ဓဘာသာ ညီလာခံကြီး မစတင်မီ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အောင်မြေဘုံစံကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသ၊ အကျိုးတော်ဆောင် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်များ၏ ဒုတိယ အဓိပတိ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ကုမာရ၊ တွဲဖက်အကျိုးတော်ဆောင် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေး ဇဟိုအဖွဲ့ဥက္ကဋ္ဌ ညောင်တုန်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသြဘာသာဘိဝံသတို့ ဦးဆောင်လျက် သြစတြေးလျ၊ ဘင်္ဂလားဒေ့ရှ်၊ လာအို၊ ကမ္ဘောဒီးယား၊ ထိုင်း၊ သီရိလင်္ကာ၊ ဂျပန်၊ ကိုရီးယား၊ ရိုမေးနီးယား၊အိန္ဒိယ၊ချက်သမ္မတနိုင်ငံ၊ ဗြိတိန်၊ အမေရိကန်နှင့် ဂျာမနီနိုင်ငံတို့မှ ဆရာတော် အရှင်သူမြတ် ၁၈ပါးတို့အား အခမ်းအနားဖြင့် ပင့်ဆောင်လာရာ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံသို့ တက်ရောက်လာကြသော ပုဂ္ဂိုလ်အပေါင်းတို့က လက်အုပ်ချီမိုး၍ ဖူးမြော်ကြည်ညိုကြသည်။

ရှေးဦးစွာ ကြွရောက်တော်မူလာကြသော ဆရာတော်သံဃာတော်အရှင်သူမြတ်များနှင့်တက်ရောက်လာကြသောပုဂ္ဂိုလ်အပေါင်းတို့က နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ကြပြီး မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးအတွင်းရှိ သံဃာတော်စင်မြင့်ပေါ်၌ သီတင်းသုံးတော်မူနေကြသော ဆရာတော်အရှင်သူမြတ်များက သရဏဂုံ သုံးပါးကို ရွတ်ပွား သရစ္ဈာယ်တော်မူကြသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ မအိအိချွန်က ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၏ ရိုးရာမြန်မာ့စောင်းများဖြင့် တွဲဖက်က "ထူးမခြားနား"သီချင်းခန့်ကို သီဆိုပူဇော်သည်။

ယင်းနောက် ထိုင်းနိုင်ငံမှသံဃာတော်များက မေတ္တသုတ်ပရိတ်တော်ကို စုပေါင်း ရွတ်ပွားသရစ္ဈာယ်တော်မူကြသည်။

ဆက်လက်၍ ထိုင်းနိုင်ငံမှသံဃမဟာရာဇာဆရာတော် His Holiness Somdet Phra Nanasangvera ထံမှပေးပို့သော သဝဏ်လွှာကို ထိုင်းနိုင်ငံမဟာချူလာလောင်ကွန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် Phrasripariyattimoli ကဖတ်ကြားတော်မူသည်။

## သဝဏ်လွှာများဖတ်ကြား

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာလီကျင်ကျွမ်း၏ သဝဏ်လွှာ၊ မလေးရှားနိုင်ငံသံအမတ်ကြီး H. E. Dato Cheah Sam Kip ၏သဝဏ်လွှာ၊ ရန်ကုန်မြို့ရှိ ကမ္ဘာ့ကုလသမဂ္ဂညှိနှိုင်းရေးမှူး Mr. Charles Petrie ၏ သဝဏ်လွှာ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဌာနေကိုယ်စားလှယ် Dr. Agostino Borra ၏သဝဏ်လွှာ၊ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံသံအမတ်ကြီး H. E. Mr. Muhammad Nawaz Chaudhry ၏သဝဏ်လွှာ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံသံအမတ်ကြီး H.E .Mme. Phoebe A. Gomez နှင့် ရုရှားဖက်ဒရေးရှင်း သံအမတ်ကြီး H.E. Oleg V. Kabanov ၏သဝဏ်လွှာများကို ကိုယ်စားလှယ်များက အသီးသီး ဖတ်ကြားကြသည်။

ယင်းနောက် သြစတြေးလျနိုင်ငံ ဗုဒ္ဓဓမ္မပညာရေးအဖွဲ့မှ Ven. Pannavaro အရှင်ပညာဝရက အင်တာနက်ပေါ်မှဗုဒ္ဓသတင်းလွှာပညာရေးနှင့် အရင်းအမြစ်များ(Buddhist Information, Education and Resources on Internet)စာတမ်းကိုလည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်သမ္မတနိုင်ငံစစ်တကောင်းတက္ကသိုလ်မှ Ven. Dr. Jinabodhi(ဇိနဗောဓိ)က မြတ်ဗုဒ္ဓ၏ကိုယ်ကျင့်သီလဒဿနနှင့်မျက်မှောက်ကမ္ဘာဆက်သွယ်မှု(Moral Philosophy of the Buddha and its Relevance to Comtemporary World) စာတမ်းကိုလည်းကောင်း၊ မွန်ဂိုလီးယားနိုင်ငံမှ Vice Khambo Lama of Mogolia ဖြစ်သူ The Venerable Yo Amagalan က မွန်ဂိုလီးယားနိုင်ငံမှဗုဒ္ဓဘာသာ (Buddhism in Mongolia )စာတမ်းကိုလည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ ဒေါက်တာ စန္ဒာဝရာဘိဝံသက ဗုဒ္ဓ ဘာသာပညာရေး(Buddhist Education)စာတမ်းကိုလည်းကောင်း၊ ရိုမေးနီးယားနိုင်ငံမှ Ven. Josho Adrian Cirlea က ဗုဒ္ဓနည်းကျနေထိုင်ရေး(Buddhist A Way to Live)စာတမ်းကိုလည်းကောင်း၊ ချက်သမ္မတနိုင်ငံမှ Ven Ashin Uttama (အရှင်ဥတ္တမ)က အနောက်ဥရောပနိုင်ငံများ၌ ဗုဒ္ဓဘာသာ၏အခြေအနေ (Situation of Buddhism in the West)စာတမ်းကို လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဩဝါဒါစရိယဂုဏ်ထူးဆောင်ပါမောက္ခဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မ ကထိကဗဟုဇနဟိတဓရ ဒေါက်တာအရှင်ဉာဏိဿရ၏တပည့် သီတဂူ ဗုဒ္ဓတက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာ ပုဏ္ဏောဘာသက ဆရာတော်ကြီး၏ (Relevance of Buddhism and Present World Situation) စာတမ်းကိုလည်းကောင်း အသီးသီး ဖတ်ကြားကြပြီး ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီး ညီလာခံကြီး ပထမနေ့ အခမ်းအနား အစီအစဉ်များကို ညနေ ၄ နာရီတွင် ရပ်နားလိုက်သည်။

## ဇောခ်ဩောင်ပင်စိုက်ပျိုး

အခမ်းအနားအပြီးတွင် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသို့ တက်ရောက်လာကြသော ပြည်ပနိုင်ငံများမှ ဆရာတော်သံဃာတော်များ၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့်တာဝန်ရှိပုဂ္ဂိုလ်များသည် ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး ပတ်လည်ပရိဝုဏ်၌ ဇောခ်ဩောင်ပင် ၃၆ ပင်ကို စိုက်ပျိုးပူဇော်ကြသည်။ **(သတင်းစဉ်)**

## နောင်တရား နမ်းပုလင်းကျေးရွာစာကြည့်တိုက်ဖွင့် ရည်ရွယ်ချက်နှင့် ရေရှည်တည်တံ့ရေး ရှင်းလင်းပြောကြား

နောင်တရား ဒီဇင်ဘာ ၁

**ရှမ်းပြည်နယ်(တောင်ပိုင်း) နောင်တရားမြို့ နမ်းပုလင်းကျေးရွာအုပ်စု ငိုလရွာဘုန်းတော်ကြီး ဦးသုပညာ အမှူးပြု၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် ကိုယ့်အားကိုယ်ကိုး ထင်းရှူးရိပ်စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၈ ရက် နံနက် ၁၁ နာရီခွဲက ငိုလဘုန်းတော်ကြီးကျောင်းတွင် ကျင်းပသည်။**

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ စာကြည့်တိုက်ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးခွန်လှမောင်ဌေးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခွန်ထွန်းတင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

### ရှင်းလင်းပြောကြား

ဖွင့်ပွဲအခမ်းအနားကို ဘုန်းတော်ကြီးကျောင်း၌ ဆက်လက်ကျင်းပရာ ငိုလကျောင်းဆရာတော် ဘဒ္ဒန္တသုပညာက သြဝါဒကထာ မြွက်ကြားသည်။ ထို့နောက် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးခွန်လှမောင်ဌေးက စာကြည့်တိုက် ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ၊ စာကြည့်တိုက် ရေရှည်တည်တံ့ရေးနှင့် စာအုပ်များဝယ်ယူရေးတို့ကို ရှင်းလင်းပြောကြားသည်။

### လှူဒါန်း

ထို့နောက် စာအုပ်နှင့် အလှူငွေများ ပေးအပ်လှူဒါန်းရာ ငိုလကျောင်းဆရာတော်က စာအုပ်မျိုးစုံ ၁၄၂ အုပ်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်မျိုးစုံ ၉၇ အုပ်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက စာအုပ်မျိုးစုံ ၃၄အုပ်၊ အခြားအလှူရှင်များက စာအုပ်ပေါင်း ၄၄၁ အုပ်နှင့် စုပေါင်းအလှူရှင်များက လှူဒါန်းငွေကျပ် ၁၅၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးခွန်လှစိန်နှင့် ကော်မတီဝင် ဦးခွန်သောင်းတင်တို့က လက်ခံရယူကြသည်။ **(၃၆၉)**



နိုဝင်ဘာ ၂၈ ရက်က ပုသိမ်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ကျေးလက်သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ရွှေစာရံကျေးရွာတွင် နှစ်လက်မ စက်ရေတွင်း အနက် ၂၂၅ ပေ တူးဖော်ပြီးစီးမှုကို အမှုဆောင်အရာရှိ ကြည့်ရှုစစ်ဆေးစဉ်။

(နယ်စပ်/စည်ပင်)

## မတ္တရာကျုံးရွာ ကျေးရွာစာကြည့်တိုက်ဖွင့် ဖွင့်လှစ်ရခြင်းရည်ရွယ်ချက် ရှင်းလင်း

မတ္တရာ နိုဝင်ဘာ ၃၀

**မတ္တရာမြို့နယ် ကျုံးရွာကျေးရွာတွင် လင်းရောင်ခြည် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၄ ရက်နံနက် ၉ နာရီက အဆိုပါကျေးရွာရှိ အမက(၆၀) ကျောင်းခန်းမ၌ ကျင်းပသည်။**

### ရှင်းလင်းပြောကြား

ရှေးဦးစွာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းလွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်/သံ(၃) ဒေါ်ဆွေဆွေတင့်က စာကြည့်တိုက် ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျေးရွာစာကြည့်တိုက်အတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်မျိုးစုံ ၂၇ အုပ်၊ ဦးကျော်သိန်း-ဒေါ်စိန်မြတို့က စာအုပ် ၆၀၊ မယဉ်ယဉ်ဝင်း၊ မအိအိလှိုင်တို့က စာအုပ် ၇၀၊ ဦးစိန်ကို-ဒေါ်ခင်ယုတို့က ၁၅ အုပ်နှင့် မတ္တရာမြို့နေ ဦးသန်းဆောင်-ဒေါ်သီသီတို့က စာအုပ်မျိုးစုံ ၇၁ အုပ်ပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက်မှူးဦးကျော်သိန်းက လက်ခံရယူသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် လင်းရောင်ခြည်စာကြည့်တိုက်ကို ကျေးရွာဥက္ကဋ္ဌ ဦးသိန်းလွင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ယာယီဦးစီးမှူး ဒေါ်မေသူမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)** **(က-ပ)**



နိုဝင်ဘာ ၂၀ ရက်က လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် မြေနီကုန်းကျေးရွာ ရေပေးရေးအတွက် ရေပိုက် သွယ်တန်းပြီးစီးမှုအား ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်အောင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလွင်တို့ ကွင်းဆင်းစစ်ဆေးစဉ်။

(နယ်စပ်/စည်ပင်)

# ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

## ပျဉ်းမနားမြို့နယ်၌ ကျေးရွာစာကြည့်တိုက်ဖွင့် ရည်ရွယ်ချက်ရှင်း၊ စာအုပ်များလှူဒါန်း

ပျဉ်းမနား ဒီဇင်ဘာ ၁

**မန္တလေးတိုင်း ပျဉ်းမနားမြို့နယ် နတ်သူရဲကျေးရွာအုပ်စု နတ်သူရဲကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၀ ရက်နံနက် ၉ နာရီက အဆိုပါ ကျေးရွာစာကြည့်တိုက်တွင် ကျင်းပသည်။**



### အမှာစကားပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဒုတိယရဲမှူး ချစ်စိန်၊ အဖွဲ့ဝင်(၂) ဦးတင့်အောင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင် ဦးအောင်ခင်တို့က အမှာစကားများပြောကြားကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ထွန်းက ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

### လက်ခံရယူ

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သစ်တောသုတေသနဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စေတနာရှင်များ လှူဒါန်းသည့် စာအုပ်များကိုပေးအပ်ရာ နတ်သူရဲကျေးရွာအုပ်စု ဥက္ကဋ္ဌနှင့် စာကြည့်တိုက် ကော်မတီဝင်များက လက်ခံရယူသည်။

ထို့နောက် ကိုယ့်အားကိုယ်ကိုး ကျေးလက်ဖွံ့ဖြိုးရေး စာကြည့်တိုက်ကို မြို့နယ်အဖွဲ့ဝင်(၁)ဒုတိယရဲမှူးချစ်စိန်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(၀၉၉)**



နိုဝင်ဘာ ၂၄ ရက်က ရေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရေးမြို့ ဗညားရုံလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးထွန်းထွန်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးမိုးရန်နိုင်တို့က ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။

(မြို့နယ် စည်ပင်)

## ကျေးလက်သန့်ရှင်းသော သောက်သုံးရေရရှိရေး ကျောက်ပန်းတောင်း လွန်အိုင်ကျေးရွာ၌ စက်ရေတွင်းတူးဖော်

**ကျောက်ပန်းတောင်း ဒီဇင်ဘာ ၅**

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က လွန်အိုင်ကျေးရွာတွင် ကျေးလက်ရေပေးဝေရေးစီမံချက်အရ အမှုဆောင်အရာရှိ ဦးဌေးဝင်း ဦးဆောင်၍ ဝန်ထမ်းများဖြင့် ဒီဇင်ဘာ ၁ ရက်က စက်ရေတွင်း တူးဖော်လျက်ရှိသည်။ **(အပေါ်ပုံ)**

ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့နယ်အတွင်းရှိ ကျေးရွာများ သန့်ရှင်းသော သောက်သုံးရေရရှိရေး စီမံချက်အရ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် အဖွဲ့ရန်ပုံငွေဖြင့် ကျေးရွာပေါင်း ၁၃ ရွာနှင့် အလှူရှင် စက်ရေတွင်း ငါးရွာ စုစုပေါင်း ၁၈ ရွာတွင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(၀၆၁)**



## သန့်ရှင်းသာယာလှပရေး မြေခင်းအလှပြုပြင်

**ရွှေဘို နိုဝင်ဘာ ၃၀**

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ရွှေဘိုမြို့ကို သန့်ရှင်းသာယာလှပသည့် အဆင့်မြင့်မြို့ဖြစ်လာစေရေးအတွက် ဥယျာဉ်မြို့တော် တည်ဆောက်ရေးစီမံချက် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၃ ရက်က ရန်ကြီးအောင်ပန်းခြံအတွင်း မြေခင်းအလှ ပြုပြင်ခြင်းလုပ်ငန်းကို စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများဖြင့် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် စည်ပင်)**

# မြန်မာနိုင်ငံတွင် ညီလာခံကြီးကိုကျင်းပနိုင်၍ နိုင်ငံတော်အစိုးရနှင့် ရဟန်းသံဃာပြည်သူများက ဂုဏ်ယူလျက်ရှိ ကမ္ဘာကြီးငြိမ်းချမ်းသာယာရေးအတွက် သည်းခံခြင်း၊ ကြင်နာခြင်း၊ ကိုယ်ကျိုးစွန့်ခြင်း စိတ်ကောင်းစေတနာများ မွေးမြူရမည် လူသားအားလုံး၏ ငြိမ်းချမ်းပျော်ရွှင်ရေးကို ဖော်ဆောင်နိုင်ရန် ဤညီလာခံကြီးက ဆောင်ကြဉ်းပေးနိုင်မည်ယုံကြည်

## ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသို့ပေးပို့သော ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဂုဏ်ပြုသဝဏ်လွှာ

ကျက်သရေမင်္ဂလာအပေါင်း ခညောင်းသော ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသို့ ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါသည်။

သန့်စင်သော ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး မူရင်းအတိုင်း မပျောက်မပျက် တည်ရှိနေသည့် မြန်မာနိုင်ငံတွင် ဤညီလာခံကြီးကို ကျင်းပနိုင်သဖြင့် နိုင်ငံတော် အစိုးရနှင့် ရဟန်း၊ သံဃာ၊ ပြည်သူအများက အထူးဝမ်းသာ ဂုဏ်ယူလျက်ရှိပါသည်။

ဤမဟာပါသာဏလိုဏ်ဂူတော်ကြီးတွင် စုဝေးရောက်ရှိလာကြသူအားလုံးအနေဖြင့် မြတ်ဗုဒ္ဓ၏ ထာဝရမှန်ကန်နေသော တရားတော်များသည် တဏှာရမ္မက်နှင့် ဒုက္ခသံသရာ ပင်လယ်ဝေနေသော ယနေ့လူ့ဘောင်အား ကယ်တင်ပြုပြင်ရန်အတွက် များစွာလိုအပ်လျက်ရှိကြောင်း ခိုင်မြဲစွာယုံကြည်ကြပါသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ■



ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးဖွင့်ပွဲ မင်္ဂလာအခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များက ပြည်တွင်းပြည်ပမှ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး နှင့် တရားဥပဒေ စိုးမိုးရေး
- * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- * ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄)ရပ်

- * စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄)ရပ်

- * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- * အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသား ရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ပဘဂနိုင်ငံမှ ဆရာတော်ကြီးများအား ဗုဒ္ဓရုပ်ပွားတော်တစ်ဆူစီလှူဒါန်း

***ရှေ့ဖုံးမှ***

**ကြွရောက်တော်မူ**

အဆိုပါ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးဖွင့်ပွဲ မင်္ဂလာအခမ်းအနားသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်မှ နိုင်ငံတော် သြဝါဒါစရိယ ဆရာတော်ကြီးများ၊ ဂဏာဓိပတိဂိုဏ်း အကြီးအကဲဆရာတော်များ၊ နိုင်ငံတော် သံဃမဟာနာယကဆရာတော်များ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၊ ပြည်နယ်နှင့်တိုင်းဂိုဏ်းပေါင်းစုံ သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်များ၊ *စာမျက်နှာ ၁၀ ကော်လံ ၁* ❍

# ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးပိတ်ပွဲ မြန်မာ့ရုပ်မြင်သံကြားမှတိုက်ရိုက်ထုတ်လွှင့်မည်

**ရန်ကုန် ဒီဇင်ဘာ ၉**

ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးကို ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ဒီဇင်ဘာ ၉ ရက် (ယနေ့) မှ ၁၁ ရက်အထိ ကျင်းပ လျက်ရှိရာ ဒီဇင်ဘာ ၁၁ရက်တွင် ကျင်းပမည့် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးပိတ်ပွဲ အခမ်းအနား ကျင်းပပုံများကို မြန်မာ့ ရုပ်မြင်သံကြားအစီအစဉ်မှ ယင်းနေ့ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်မှ စတင်၍ တိုက်ရိုက်ထုတ်လွှင့်မည်ဖြစ်သည်။ **(သတင်းစဉ်)**



ပြည်ထောင်စုမြန်မာနိုင်ငံတော် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပသော ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး ဖွင့်ပွဲမင်္ဂလာ အခမ်းအနားသို့ တက်ရောက်လာကြသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ပြည်တွင်းပြည်ပမှ ပုဂ္ဂိုလ်များကို တွေ့ရစဉ်။ (သတင်းစဉ်)